ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးစိုင်းမြအောင်၊ ကချင်(၁၀)၊ ကျန်းမာရေး။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ပြည်ပခရီးစဉ်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး (၁)၊ ကျန်းမာရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဥပဒေကြမ်း အစည်းအဝေး။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ဥပဒေကြမ်း အစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကော်မတီအစည်းအဝေး။ ဦးဘိုးရယ်၊ ကယား(၃)၊ ကော်မတီအစည်းအဝေး။

ဦးပီမောင်စိုး၊ ကယား(၁)၊ ကော်မတီအစည်းအဝေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကော်မတီအစည်းအဝေး။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကော်မတီအစည်းအဝေး။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကော်မတီအစည်းအဝေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကော်မတီအစည်းအဝေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များနှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူများ ရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်း ခရိုင်မြို့ကြီးများတွင် ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များနှင့် ပတ်သက်သည့် အသိပညာများကို ပြည်သူများရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်း ခရိုင်မြို့ကြီးများတွင် ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကုမ္ပဏီတွေ သွားထောင်ချင်ရင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှာ သွားထောင်ရပါတယ်။ အဲဒီမှာ ထောင်လို့ရတဲ့ ကုမ္ပဏီတွေကို ကျွန်တော်တို့ လွယ်လွယ်ကူကူပေါ့၊ ကျွန်တော်တို့ ပြည်သူတွေက ထောင်လို့ရတဲ့ဟာတွေလည်း ရှိကောင်း ရှိနိုင်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ပြည်သူတွေက သိသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ပြီးတော့ တခြားဝန်ကြီးဌာနတွေ အနေနဲ့လည်း လုပ်ငန်းလိုင်စင်တွေ၊ ပြီးတော့ ပါမစ်တွေပေါ့၊ ပြီးတော့ အမျိုးမျိုးပေါ့၊ ဒီသူတို့က ဒီဟာထုတ်ပေးတာတွေ ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးလို့ရှိရင်လည်း ကျွန်တော်တို့ ပြည်သူတွေက လွယ်လွယ်ကူကူနဲ့ သူတို့လုပ်လို့ရတဲ့ဟာတွေလည်း ရှိကောင်းရှိနိုင်တယ်။ ပြီးတော့ သို့ပေမယ့်လည်း သူတို့မသိလို့ မလုပ်တာတွေလည်း ရှိနိုင်ပါတယ်။ အဲဒါလေးတွေကို ပြည်သူတွေများသိရှိအောင်ပေါ့၊ ကျွန်တော်တို့ အဲဒီ လုပ်ထုံးလုပ်နည်းလေးတွေကအစ အချက်အလက် လေးတွေကို ပြည်သူတွေက သိရှိအောင် ဒါ သင်တန်းတွေ၊ ရက်တိုသင်တန်းတွေ ပို့ချပေး နိုင်ခြင်း ရှိ/မရှိကို မေးမြန်းချင်တာ ဖြစ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ အဲဒီလိုမျိုးလုပ်တဲ့အချိန်မှာ ဘယ်လောက်လွယ်ကူချောမွေ့မှုရှိသလဲ ပေါ့၊ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ လုပ်ငန်းလေးတွေ လုပ်တဲ့အချိန်မှာ ဘယ်နိုင်ငံကတော့ ဘယ်လောက်လွယ်ကူမှုရှိတယ်။ ဘယ်နိုင်ငံကတော့ ဘယ်လောက်ခက်ခဲမှုရှိတယ် ဆိုတာတွေလည်း သူတို့ Index လေးတွေ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာရော လုပ်ငန်းဆောင်ရွက်လိုသူများ ဆောင်ရွက်တဲ့အချိန်မှာ ဘယ်လောက်လွယ်ကူသလဲပေါ့။ ပြီးတော့ ကျွန်တော်တို့ ဒီပံ့ပိုးမှုပေါ့။ ကျွန်တော်တို့ စင်ကာပူတို့၊ ဘာတို့မှာဆိုရင် လုပ်ငန်းသေးလေးတွေ small and medium enterprise ကို ပြည်သူတွေက သွားလုပ်လို့ရှိရင် အစိုးရက ပံ့ပိုးမှု အများကြီးပေးပါတယ်။ အခု ကွန်ပျူတာ(၁၀)လုံး ဝယ်စရာလိုမယ်ဆိုရင် အစိုးရက (၇)လုံးလောက်တောင်မှ ဝယ်ပေးတယ်။

ဘာကြောင့်လဲဆိုတော့ သူတို့အားပေးတယ်။ ပြည်သူတွေ လုပ်ငန်းရှင်တွေ ဖြစ်လာအောင်၊ ပြီးတော့ ဒီလိုမျိုး လုပ်ငန်းတွေများများ ရှိလာလို့ရှိရင် ပြည်သူတွေကလည်း အလုပ် အကိုင် အခွင့်အလမ်းတွေ အများကြီးပေါ်လာမယ်။

အဲဒါ ကျွန်တော်တို့နိုင်ငံမှာရော နောက်တစ်ခုက ဘာလဲဆိုတော့ ဒီ ညွှန်ကြားချက်တွေ၊ အမိန့်တွေပေါ့ ဘာလုပ်လို့ရတယ်ဆိုတာမျိုးလေးတွေ ဝန်ကြီးဌာနအလိုက် သူတို့ လုပ်လို့ရှိရင်လည်း သူတို့ရဲ့ နီးစပ်တာတွေပဲ သိတယ်။ အများပြည်သူတွေက ဒါတွေကိုလည်း လွယ်လွယ် ကူကူနဲ့ မသိနိုင်ဘူး။ အဲဒါမျိုးလေးတွေလည်း ရှိတယ်။ ကျွန်တော်ဖြစ်စေချင်တာကတော့ မြန်မာနိုင်ငံမှာ ရှိတဲ့ ခရိုင်မြို့ကြီးတွေမှာ သင်တန်းတွေလည်း ပေးနိုင်ခြင်း ရှိ/မရှိပေါ့။ ကျွန်တော်တို့ နိုင်ငံမှာ Small and medium Enterprises ပေါ့၊ ဒီ အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေ အများကြီးရှိမှ ကျွန်တော်တို့ နိုင်ငံတိုးတက်မယ်လို့ ယူဆပါတယ်။ လုပ်ငန်းကြီးကြီးတွေ ထူထောင်ဖို့ဆိုတာတော့ ခက်ပါတယ်။ ကျွန်တော် လေ့လာသလောက်လည်း တခြား Developed Countries တွေမှာလည်း အဓိကကတော့ Small and medium Enterprises ကနေပဲ ရပ်တည်ပါတယ်။ ဒါမျိုးလုပ်ဖို့ရန်အတွက် ကျွန်တော်တို့ နိုင်ငံမှာ ဘယ်လောက်လွယ်ကူသလဲ။ ဘယ်လောက် ပံ့ပိုးမှုတွေ ရှိသလဲ၊ ပြီးတော့ ဘာတွေလဲ၊ အခု ကျွန်တော်တို့ ပြည်သူတွေက လုပ်နိုင်သလဲ၊ ဒါတွေကို ကျွန်တော်တို့ ဝန်ကြီးဌာနတွေအနေနဲ့ ပြည်သူ တွေမှာ ရက်တိုသင်တန်းလေးတွေ အသိပညာနဲ့ပတ်သက်ပြီးတော့ ပေးနိုင်ခြင်း ရှိ/မရှိ ပေါ့၊ အဲဒီလို ပေးနိုင်မယ်ဆိုရင်လည်း အဆင်းရဲဆုံးဖြစ်တဲ့ ချင်းပြည်နယ်မှာကနေစတင်ပြီးတော့ ပေးနိုင်ခြင်း ရှိ/မရှိ ပေါ့နော်၊ ဒီမေးခွန်းကို မေးမြန်းလိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဒေါ်လှဲ့လှဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဇုန်လှယ်ထန်း မေးမြန်းတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဖြေကြားသွားမှာ ဖြစ်ပါ တယ်ရှင်။

ကျွန်မတို့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွယ်ကူချောမွေ့စေဖို့ ကုမ္ပဏီမှတ်ပုံတင်နဲ့ ပတ်သက်တဲ့ အသိပညာတွေ ပြည်သူတွေ ရရှိနိုင်ဖို့ ရည်ရွယ်ပြီးတော့ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းတွေ အပါအဝင် ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံလုပ်ငန်းသင်တန်းတွေကို တိုင်းဒေသကြီး၊

ပြည်နယ်တွေမှာ ဖွင့်လှစ်ပို့ချ ပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ကနေ ၁၁ ရက်နေ့ အထိ နေပြည်တော်မှာ၊ ဇွန်လ ၁၈ ရက်နေ့ မှ ၂၁ ရက်နေ့အထိကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှာ နောက် ဇူလိုင်လ ၂ ရက်နေ့မှ ၅ ရက် နေ့အထိ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင်လည်းကောင်း၊ ဩဂုတ်လ ၆ ရက်နေ့မှ ၈ ရက် နေ့အထိ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့မှာ လည်းကောင်း၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှာလည်းကောင်း၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှာလည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင်လည်းကောင်း၊ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်းကောင်း၊ အောင်တိုဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်လည်းကောင်း၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင်လည်းကောင်း၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကရင်ပြည်နယ်၊ ဖားအံမြို့တွင်လည်းကောင်း သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။

ဒီ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိကို ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ ရက်တိုသင်တန်းတွေ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီ ဖော်ပြပါ သင်တန်းအစီအစဥ်ကို တိုင်းဒေသကြီး ပြည်နယ်များအားလုံးမှာ ဖွင့်လှစ်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ ဖွင့်လှစ်မယ့် သင်တန်းအစီအစဥ်အတွက်ကိုတော့ ကျွန်မတို့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့ကနေပြီးတော့ (၂၂)ရက်နေ့အထိ ဖွင့်လှစ်ဖို့အတွက် နည်းပြတွေ၊ ဝန်ထမ်းတွေ စေလွှတ်ခဲ့ပေမယ့်လည်း အဲဒီ ဖော်ပြပါ နေ့ရက်တွေမှာ ချင်းပြည်နယ်နေ့ အခမ်းအနားနဲ့ တိုက်ဆိုင်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်မတို့ ၂၀၁၄ ခုနှစ်၊ မေလ ၁၆ နေ့မှ ၁၈ ရက်နေ့အထိကို ကျွန်မတို့ ကရင်ပြည်နယ်၊ ဖားအံမြို့မှာလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၉ ရက်နေ့ကနေပြီးတော့ ၂၁ ရက်နေ့အထိ ကရင်ပြည်နယ်၊ မြဝတီမြို့မှာလည်းကောင်း၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံ လုပ်ငန်းတွေ၊ သိဖို့လိုအပ်တဲ့ ဒီအချက်အလက်တွေကို ဆွေးနွေးပို့ချခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်မတို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာ ချင်းပြည်နယ်၊ ဟားခါးမြို့မှာလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှာ ရခိုင်ပြည်နယ် စစ်တွေမြို့မှာလည်းကောင်း ဆက်လက်ပြီးတော့ ရက်တိုသင်တန်းလေးတွေကို ကျွန်မတို့ ပို့ချသွားဖို့အတွက် စီစဥ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နောက် ကျွန်မတို့ ဒီ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကိုလည်း နေပြည်တော်ကနေပြီးတော့ ပိုပြီးတော့ လုပ်ငန်းတွေ လုပ်ကိုင်ရတာ လွယ်ကူဖို့အတွက် ရန်ကုန်ကို ရွှေ့ပြောင်းခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်မတို့ရုံးချုပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မှာ ရွှေ့ပြောင်းခဲ့ပြီး ဖြစ်ပါတယ်။ နောက်တစ်ခါ တိုင်းဒေသကြီး ပြည်နယ် ရုံးခွဲတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေး၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီး၊ နေပြည်တော်ရုံးခွဲ ဒါတွေကိုလည်း ဖွင့်လှစ်ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စတွေ၊ ကုမ္ပဏီမှတ်ပုံတင်ဆိုင်ရာ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီးတော့

ဒီရုံးတွေမှာ သွားပြီးတော့ ဆွေးနွေးမေးမြန်းမယ်ဆိုရင်လည်း ဝန်ထမ်းတွေက နေပြီးတော့ ရှင်းလင်းဆွေးနွေး အကြံပြုပေးနိုင်ကြောင်း တင်ပြအပ်ပါတယ်။

နောက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း ပုဂ္ဂလိကကုန်သည်၊ လုပ်ငန်းရှင်တွေ၊ ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းတွေကို နားလည်သိရှိနိုင်ဖို့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေပြီးတော့ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိကို သင်တန်းစုစုပေါင်း(၁၀)ကြိမ်၊ ဒီ ကုန်သည်၊ လုပ်ငန်းရှင် စုစုပေါင်း(၄၆၄)ဦးကို ကျွန်မတို့ တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ ကုန်သွယ်မှုဆိုင်ရာ ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းဆိုင်ရာ သင်တန်းတွေကို ပို့ချခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ယခုဘဏ္ဍာနှစ်အတွင်းမှာ မြစ်ကြီးနားမြို့နဲ့ လောက်ကိုင်မြို့တွေမှာ သင်တန်းတွေဖွင့်လှစ်ပို့ချဖို့အတွက် စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီ ကျွန်မတို့ စက်မှုဝန်ကြီးဌာန အနေနဲ့လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အလိုက် SME အေဂျင်စီအဖွဲ့တွေ၊ One Stop Service အဖွဲ့တွေ ဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာ One Stop Service Center တွေ တည်ထောင်ဖွင့်လှစ်ပြီးတော့ SME လုပ်ငန်းတွေ စတင်ထူထောင်နိုင်ဖို့အတွက် သတင်းအချက်အလက်နဲ့ လုပ်ထုံး (Manual)တွေ ထုတ်ပေးနိုင်ဖို့နဲ့ ပတ်သက်ပြီးတော့ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ဂျာနယ်၊ သတင်းစာတွေမှာလည်း ထည့်သွင်းထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက် SME တွေနဲ့ ပတ်သက်ပြီးတော့ ခုန ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ ပံ့ပိုးမှုတွေနဲ့ ပတ်သက်ပြီးတော့ SMI DBဘဏ် ကနေပြီးတော့လည်း ဒီ SME လုပ်ငန်းရှင်တွေကို ချေးငွေများ ထုတ်ချေးလျက်ရှိ ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းကဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေကြည်မြို့၊ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းက ရေကြည်မြို့၊ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့

မဲဆန္ဒနယ် တစ်နယ်ဖြစ်တဲ့ ရေကြည်မြို့နယ်ရဲ့ ရေကြည်မြို့ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းခွင့် ပြုတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ ရေကြည်မြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းမှာရှိပြီး လူဦးရေပေါင်း(၃)သိန်း ခန့် ရှိပါတယ်။ ရပ်/ကျေးပေါင်း (၉၉)ခုဖြင့် ဖွဲ့စည်းထားပြီး စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကြိမ်ထည် လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းတို့ဖြင့် စီးပွားရေး သင့်တင့်ဖွံ့ဖြိုးတဲ့ဒေသ ဖြစ်ပါတယ်။

ရေကြည်မြို့ဟာ နေဝင်း၊ ဆရာစံ၊ အောင်ဆန်း၊ ဗထူးနဲ့ မြို့မစတဲ့ ရပ်ကွက်ကြီး(၅)ရပ်ကွက်နဲ့ ဖွဲ့စည်းထားပြီး မြို့နယ်ရုံးစိုက်ရာ မြို့လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ တင်ပြပါ ရေကြည်မြို့ မြို့ပတ်လမ်းဟာ ရေကြည်မြို့ရဲ့ အဓိက အားထားရတဲ့ လမ်းမကြီး ဖြစ်ပြီး၊ ရေကြည်မြို့တွင်းနဲ့ ပုသိမ်-မုံရွာလမ်းမကြီးကို တိုက်ရိုက်ဆက်သွယ် ထားတဲ့ လမ်းဖြစ်ပါတယ်။ မြို့ပတ်လမ်းလည်း ဖြစ်သလို မြို့ရှောင်လမ်းလည်း ဖြစ်ပါတယ်။ လမ်းဟာ ပေပေါင်း (၉၁၅၀)ရှည်လျားပြီး ကတ္တရာလမ်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ကတ္တရာများ ပါးလွှာ ပေါက်ပြဲလျက်ရှိနေပါတယ်။ အဓိကလမ်းမကြီးဖြစ်တဲ့ အားလျော်စွာ ရေကြည်မြို့ မြို့ပတ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရေကြည်မြို့၊ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေး နိုင်ခြင်း ရှိ၊ မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။

**ပဲခူးမြို့နယ်၊ ဘုရားကလေးကျေးရွာ တိုက်နယ်ဆေးရုံဘေးရှိ တိမ်ကောနေသည့် ပေ(၆၀၀၀)ခန့်ရှည်လျား သော ရိုးနှင့် မိုးယွန်းကြီးအင်းသို့ စီးဆင်းသော အရှည် ၄ မိုင်ခန့် တိမ်ကောနေသည့် ဆင်စုချောင်းတို့ အား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘုရားကလေးကျေးရွာ တိုက်နယ်ဆေးရုံဘေးရှိ တိမ်ကောနေသည့် ပေ(၆၀၀၀)ခန့် ရှည်လျားသောရိုးနှင့် မိုးယွန်းကြီးအင်းသို့ စီးဆင်းသော အရှည် ၄ မိုင်ခန့် တိမ်ကော နေသည့် ဆင်စုချောင်းတို့အား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘုရားကလေး ကျေးရွာတိုက်နယ်ဆေးရုံ ဘေးရှိ တိမ်ကောနေတဲ့ပေ(၆၀၀၀) ခန့် ရှည်လျားတဲ့ ရိုးနဲ့ မိုးယွန်းကြီးအင်းကို

စီးဝင်နေတဲ့ အရှည်(၄)မိုင် ခန့်ရှိ တိမ်ကောနေတဲ့ ဆင်စုချောင်းကို တူးဖော်ပေးဖို့ အစီအစဉ်ရှိ/မရှိ နဲ့ ပတ်သက်ပြီး မေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဘုရားကလေးကျေးရွာ၊ တိုက်နယ်ဆေးရုံဘေးမှာ ရှိနေတဲ့ ရွာဟာ ပေ(၆၀၀၀)လောက် ရှည်လျားပါတယ်။ ဒီရိုးကနေတစ်ဆင့် ဆင်စုချောင်းအတွင်းကို စီးဆင်းတဲ့ နေရာဖြစ်ပါတယ်။ အဲဒီရိုးရော၊ ချောင်းရောဟာ တိမ်ကောနေတဲ့အတွက်ကြောင့်မို့လို့ ရေစီးဆင်းမှု နည်းပြီးတော့ ရေကြီးရေလျှံတွေ ဖြစ်ပေါ်လေ့ ရှိပါတယ်။ ဒါကြောင့် ဘုရားကလေးကျေးရွာ တိုက်နယ် ဆေးရုံဝင်းအတွင်းမှာလည်း နှစ်စဉ်ကျွန်တော်တို့ရေဝပ်ပြီးတော့ ရေကြီးမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဒီရိုးဟာ ဆင်စုချောင်းထဲကို စီးဝင်သွားတာဖြစ်ပြီးတော့ ဆင်စုချောင်းကရေဟာလည်း မိုးယွန်းကြီးအင်း ထဲကို စီးဆင်းဖို့အတွက်(၄)မိုင်လောက်ရှိပါတယ်။ ဒါကြောင့် ဒီချောင်းဟာလည်း တိမ်ကော နေတဲ့အတွက် ဘုရားကလေးကျေးရွာအတွင်းမှာ ရှိတဲ့ ကွင်းအမှတ် (၅၂၇)က လယ်ဧက (၁၁၄.၁၄)ဧက၊ ကွင်းအမှတ်(၅၃၅)မှ လယ်ဧက (၁၁၉.၀၄) ဧက၊ ကွင်းအမှတ် (၅၃၇)၊ လယ်ဧက (၇၀)၊ ကွင်းအမှတ်(၅၃၈)မှ လယ်ဧက (၂၆၇.၀၁)ဧက၊ စုစုပေါင်း လယ်ဧက (၅၇၀.၁၉)ဧကဟာ ရေနစ်ပြီးတော့ နှစ်စဉ်ကြုံတွေ့ရတဲ့အတွက် ပျက်စီးဆုံးရှုံးမှုများနဲ့လည်း ကြုံတွေ့ရလေ့ရှိပါတယ်။ ဒါကြောင့် ဘုရားကလေးကျေးရွာ တိုက်နယ်ဆေးရုံဘေးမှာရှိတဲ့၊ တိမ်ကောနေတဲ့ ပေ(၆၀၀၀)ခန့်ရှည်လျားတဲ့ ရိုးနဲ့ အရှည်(၄)မိုင်ခန့် တိမ်ကောနေတဲ့ မိုးယွန်းကြီးအင်းထဲကို စီးဝင်တဲ့ဆင်စုချောင်းတို့ကို တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတဲ့အတွက် ဒေသခံ တောင်သူလယ်သမားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းရဲ့မေးမြန်းချက်နဲ့ ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင် ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။

ရေကြည်မြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းမှာ တည်ရှိပြီးတော့ လူဦးရေ (၃)သိန်းခန့် ရှိပါတယ်။ ရပ်ကွက်နှင့် ကျေးရွာပေါင်း (၉၉)ခု နှင့် ဖွဲ့စည်းထားပြီး

စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကြိမ်ထည်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းတို့ဖြင့် စီးပွားရေး သင့်တင့်ဖွံ့ဖြိုး တိုးတက်သော ဒေသဖြစ်ပါတယ်။ ရေကြည်မြို့မှာ နေဝင်း၊ ဆရာစံ၊ အောင်ဆန်း၊ ဗထူးနှင့် မြို့မစသည့် ရပ်ကွက်ကြီး (၅)ရပ်ကွက် ဖြင့် ဖွဲ့စည်းထားပြီး မြို့အကျယ်အဝန်းဟာ (၁.၅၀၃) စတုရန်းမိုင် ရှိပါတယ်။ ရေကြည်မြို့မြို့ပတ်လမ်းဟာ ရေကြည်မြို့ရဲ့ အဓိကအားထားရတဲ့ လမ်းမကြီးဖြစ်ပြီး ရေကြည်မြို့အတွင်းနှင့် ပုသိမ်-မုံရွာလမ်းမကြီးကို တိုက်ရိုက်ဆက်သွယ်ထားသော လမ်း ဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် ကတ္တရာများ ပါးလွှာ ပေါက်ပြဲလျှက် ရှိပါတယ်။ ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့ပတ်လမ်းကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း (၁၀၉၀ပေ x ၁၂ ပေx ၁၃ လက်မ) အားခန့်မှန်းကုန်ကျငွေ (၁၀၉.၃၀) သိန်းဖြင့် တတိယ (၃)လပတ်အတွင်း အပြီး ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲရာတွင်လည်း ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ်သိန်း(၉၀၀) ခွင့်ပြုလျာထားမှုအရ ရေကြည်မြို့နယ်အတွင်းတွင် အသုတ်မြို့အား ကျပ်သိန်း (၄၅၀) ခန့် ခွဲဝေပေးရပြီး ရေကြည်မြို့အတွင်း လမ်းများပြုပြင်ရန် ရန်ပုံငွေကျပ် သိန်း(၄၅၀)ခန့်သာ ခွဲဝေရရှိပါသဖြင့် ရေကြည်မြို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြသော ကျောက်ချောလမ်း (၁)လမ်း၊ ပြည်သူမှ တင်ပြချက်အပေါ် စည်ပင်သာယာရေးကော်မတီမှရွေးချယ်သည့် ကျောက်ချော လမ်း(၁)လမ်း၊ ကတ္တရာလမ်း(၁)လမ်း၊ စုစုပေါင်း(၃)လမ်းသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါ၍ နှစ်စဉ် မြို့ပတ်လမ်းအား ရန်ပုံငွေခွဲဝေချထားပေးရန် အခက်အခဲရှိခြင်းတို့ကြောင့် ၁၃-၆-၂၀၁၄ ရက်နေ့နှင့် ၁၄-၆-၂၀၁၄ ရက်နေ့တွင် ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနဝန်ကြီး ဦးအုန်းမြင့်နှင့်တွေ့ဆုံပွဲတွင် ရေကြည်မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ မြို့ပတ်လမ်းအရှည် (၉၁၅၀)ပေ၊ အကျယ်(၁၂)ပေ၊ ထု(၆)လက်မ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း လုပ်ငန်းကိုငွေကျပ် (၁၂၂၅.၅၀) သိန်းအား ပြည်ထောင်စုရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးရန် တင်ပြခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တင်ပြထားသော မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (၉၁၅၀ ပေ x ၁၂ပေx ၆ လက်မ) အားခန့်မှန်းကုန်ကျငွေ (၁၂၂၅.၅၀) သိန်းဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ရန်ပုံငွေကျခံပေးနိုင်ပါရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက် ရရှိလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း၏မေးမြန်းချက်နဲ့ ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘုရားကလေးကျေးရွာ၊ တိုက်နယ်ဆေးရုံဘေး ရှိ ရိုးသည် တိုက်နယ်ဆေးရုံဘေးမှ စတင်ကာ ဆင်စုချောင်းအတွင်းကိုစီးဆင်းပြီး ဆင်စုချောင်းမှ တစ်ဆင့် မိုးယွန်းကြီးကန်သို့ စီးဝင်ပါတယ်။ ယခုအခါ အဆိုပါရိုးမှာ ရိုးချောင်းတိမ်ကောနေပြီး ဆင်စုချောင်းမှာ လည်း မိုးယွန်းကြီးကန်သို့ စီးဆင်းရန် ချောင်းတိမ်ကောနေပါသဖြင့် တိုက်နယ်ဆေးရုံဝန်းအတွင်း

ရေဝပ်ရေကြီးမှုနှင့် ကြုံတွေ့နေရပါသဖြင့် ဘုရားကလေးကျေးရွာအတွင်းရှိ ကွင်းအမှတ်(၅၂၇)မှ လယ်ဧက(၁၁၄)ဧက၊ ကွင်းအမှတ်(၅၃၅)မှ လယ်ဧက(၁၁၉)ဧက၊ ကွင်းအမှတ်(၅၃၇)မှ လယ်ဧက (၇၀)ဧကနှင့် ကွင်းအမှတ်(၅၃၀)မှ လယ်ဧက (၂၆၇)ဧက၊ စုစုပေါင်း လယ်ဧက(၅၇၀) ဧက တို့မှာ ရေကြီးရေလျှံမှုနှင့် ကြုံတွေ့နေရပါတယ်။

တိုက်နယ်ဆေးရုံဘေးရှိ ရထားလမ်းဘေး ရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းအားဖြင့် ဘုရားကလေးကျေးရွာ၊ တိုက်နယ်ဆေးရုံဝန်းအတွင်း ရေဝပ်ရေကြီးမှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ဆင်စုချောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းအားဖြင့် ဘုရားကလေးကျေးရွာအုပ်စုရှိ လယ်မြေဧက (၅၇၀)ခန့်အား မိုးစပါးရေတော်မိုးတော် စိုက်ပျိုးလာနိုင်မည် ဖြစ်ပါတယ်။ ဆင်စုချောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ရထားလမ်းဘေး ရိုးတူးဖော်ခြင်း လုပ်ငန်းများအား လတ်တလောအခြေအနေတွင် ဆောင်ရွက်ထားမှုမရှိသော်လည်း ချောင်းရိုးတိမ်ကောနေမှုကြောင့် ပြန်လည် တူးဖော်ပေးရန်လိုအပ်မည်ဖြစ်ပါတယ်။

ရန်ကုန်-မန္တလေးကားလမ်းမှ မိုးယွန်းကြီးအင်းအထိ အလျား(၂.၀၅)မိုင် မြေကြီးကျင်း (၁၁၄၂၄) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေကျပ်(၂၇.၃)သန်း ကုန်ကျမည်ဖြစ်သော ဆင်စုချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ၂၀၁၄-၂၀၁၅ တိုင်းဒေသကြီး ရန်ပုံငွေ RE တွင် ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ တိုင်းဒေသကြီးရန်ပုံငွေ RE တွင် ရန်ပုံငွေ မရရှိပါက ၂၀၁၅-၂၀၁၆ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ BE တွင် ဆက်လက်တင်ပြ တောင်းခံသွားမည်ဖြစ်ပါတယ်။ ထို့အပြင် ရထားလမ်းဘေးရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အတွက် အောက်ခြေအကျယ် (၁၅)ပေ၊ ပျမ်းမျှအနက်(၆)ပေနဲ့ အလျား(၁.၁၄)မိုင်၊ မြေကြီးကျင်း (၇၅၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၈.၀) သန်းခန့် ကုန်ကျမည်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း ယခင်လွှတ်တော်အစည်းအဝေးများတွင် တင်ပြထားသော ကတိကဝတ်ပြုလုပ်ငန်းများအား ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် ယခုတင်ပြလာသော လုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ BE တွင် ရန်ပုံငွေဆက်လက် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ရန်ပုံငွေ မရရှိပါက ဦးစားပေးအလိုက် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပုဂ္ဂလိကအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်ပင်များ စိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်းလိုင်စင် ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိစစ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ် က ပုဂ္ဂလိကအဖွဲ့အစည်း၊ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်ပင်များ စိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိစစ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ချင်းပြည်နယ် အမှတ်(၄)နယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ပုဂ္ဂလိကနဲ့အဖွဲ့အစည်း၊ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်ပင်များ စိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိစစ်ဆောင်ရွက်ထားရှိမှု အခြေအနေကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုမှာ ၁၉၅၇ ခုနှစ်မှာ စုစုပေါင်းဧကရဲ့(၆၀)ရာခိုင်နှုန်း၊ ၁၉၉၀ ခုနှစ်မှာ (၅၇)ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်မှာ (၅၁)ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာ (၄၉)ရာခိုင်နှုန်း၊ ၂၀၁၀ မှာ (၄၆)ရာခိုင်နှုန်း အထိ ဖြစ်လာပြီး နှစ်စဉ်နဲ့အမျှ လျော့နည်းလာပြီး ယခုနှစ် ၂၀၁၄မှာလည်း တိုင်းတာမှုမရှိသေးသော်လည်း ပိုမိုလျော့နည်းလာမှာကိုငြင်းစရာ ရှိမှာမဟုတ်ကြောင်း တိုင်းသူ/ပြည်သားအားလုံး သိရှိနားလည်ကြမှာဖြစ်ပါတယ်။ ပြည်တွင်းမှ တရားဝင်သို့မဟုတ် တရားမဝင်သစ်များ ထုတ်လုပ်မှုမှာ အလွန်အကျွံများနေပြီးတော့ ပြည်ပ အိမ်နီးနားချင်းတို့ရဲ့ ခိုးယူသယ်ယူမှုမှာလည်း နေ့စဉ် ကားစီးရေ (၂၀၀)ခန့်နဲ့ လပေါင်း ပေါ်များစွာ ဖြစ်နေကြောင်းကို ဂျာနယ်တွေမှာလည်း ဖတ်ရှုနေရပါတယ်။ ပဲခူးရိုးမဒေသအတွင်းမှာလည်း သစ်တောပြုန်းတီးလာမှုကြောင့် တောဆင်ရိုင်းများ နေစရာမရှိတော့တဲ့အဆင့်၊ ရှားငယ်လေးတွေကိုလည်း ဝင်ရောက်ဖျက်ဆီးရတဲ့အဆင့် ဂျာနယ်မှာ မကြာခဏဖတ်ရှုရပါတယ်ခင်ဗျာ။ ကျွန်တော်တို့ နိုင်ငံအတွက် သယံဇာတကျိန်စာ သင့်သလို တစ်ဖြည်းဖြည်းချင်း ဖြစ်လာမှာကို များစွာ စိုးရိမ်နေရပါတယ်။

ယနေ့မြန်မာသစ်တောတွေ (၄၆)ရာခိုင်နှုန်း ခန့်သာရှိသည်လို့ ပြောဆိုနေကြသော်လည်း Green peace နဲ့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတွေကတော့ ကောင်းကင်ဂြိုလ်တုမှ တိုင်းတာချက်အရ အမှန်(၂၄)ရာခိုင်နှုန်းကျော်ခန့်သာရှိတော့ကြောင်းကို ထုန်ပြန်ထားတယ်လို့သိရှိရပါတယ်။ ထို့အပြင် ဖရီဒါဥက္ကဋ္ဌ သစ်တောပညာရှင်တစ်ဦးကလည်း သစ်တောဟာ (၂၄) ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်းကို ဂျာနယ်မှာ ဖတ်ရှုနေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နှစ်ပေါင်း (၄၀)အတွင်းကို (၃၆)ရာခိုင်နှုန်း လျော့နည်းလာတာကို သိရှိရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောထိန်းသိမ်းရေးဥပဒေညွှန်ကြားချက် အမိန့်များရှိသည့်တိုင်အောင် ယခုနည်းအတိုင်း ဆက်လက်ပြီးတော့ သက်ဆိုင်ရာတာဝန်ခံအရာရှိ၊ အရာခံ၊ ဝန်ထမ်းများမှ ထိန်းသိမ်းကြီးကြပ်အရေးယူဆောင်ရွက်မှု အားနည်းနေပါက မြန်မာတစ်ပြည်လုံးရဲ့ကြုံတွေ့ရမည့် သဘာဝ ဘေးအန္တရာယ် ဆိုးကျိုးများဖြစ်သော ရာသီဥတုပူလောင်မှုမှအစ မုန်တိုင်းကျရောက်လာမှု၊ ရေတွင်း/ရေကန် ချောင်းမြောင်းများခြောက်ခန်းလာမှု၊ လူသတ္တဝါတို့နဲ့အတူ တိရစ္ဆာန်များ သောက်သုံးရေရှားပါးလာမှု၊ ရောဂါပိုးမွှားများတိုးပွားပြီး ကျန်းမာရေးထိခိုက်ပျက်စီးလာမှု၊ နေ့စဉ်နဲ့အမျှ ဝမ်းစာမဖူလုံမှုအဆုံး အန္တရာယ်မြောက်များစွာ ကြုံတွေ့ရမည်ကိုလည်း လူတိုင်း၊ ပြည်သူ/ ပြည်သားတိုင်း စိုးရိမ်မှုရှိကြောင်း၊ အန္တရာယ်ကိုစောင့်ဆိုင်းနေရတဲ့သဘောအဖြစ် ဖြစ်နေရကြောင်း ကိုလည်း သိရှိလာခဲ့ကြပါတယ်။

ဒီပြဿနာကြီး အဖြေရှာဖို့အတွက် အချက်တစ်ချက်ဖြစ်နေတဲ့သစ်ပင်များ အစားထိုး ပြန်လည်စိုက်ပျိုးရေး ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်တောဌာနအနေနဲ့လည်း တစ်ပြည်လုံး အတိုင်းအတာနဲ့သစ်ပင်များ ပြန်လည်စိုက်ပျိုးမှုကို ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ ကြားသိ၊ မြင်ရပါတယ်။ ကျွန်တော်တို့ချင်းပြည်နယ်မှာလည်း သစ်ပင်စိုက်ပျိုးမှုကို ဆောင်ရွက်နေကြပါတယ်။ ဒါပေမယ့်လည်း သစ်ပင်အစားထိုး စိုက်ပျိုးမှုလုပ်ငန်းဟာ သစ်တောပြုန်းတီးမှုရဲ့ အထောက်အကူပြု လုပ်ငန်းစီမံကိန်း ဖြစ်နိုင်ပါ့မလားဆိုပြီးတော့ ကျွန်တော်တို့သုံးသပ်မိပါတယ်။ ကျွန်တော်တို့နွားကို သတ်စားပြီးတော့ ပုရွက်ဆိတ်ကိုမွေးတဲ့သဘော သက်ရောက်နေပါတယ်။

သစ်တောဆောင်ပုဒ်တွေထဲမှာ တစ်ခုဖြစ်သော သစ်ပင်ကိုစိုက်၊ ရွှေတိုက်ကိုစိုး စသဖြင့် ကားလမ်းဘေးမှာလည်း ကျွန်တော်တို့မြင်တွေ့နေရပါတယ်။ ဒါစာသားတော့လှပေမယ့်လည်း လက်တွေ့ဖြစ်လာမလားဆိုပြီးတော့ စိုးရိမ်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းသစ်ပင်၊ သစ်တောပြုန်းတီးမှုကိုကာကွယ်ပေးသောအားဖြင့် အစိုးရမှ ချမှတ်ပေးသောလုပ်ငန်း တစ်ခုအနေဖြင့် သစ်ပင်စိုက်ပျိုးရန် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့မှ မြေနေရာလျှောက်ထားပြီး တန်ဖိုးရှိအပင်များ စိုက်ပျိုးရန်၊ အစိုးရထံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှတစ်ဆင့် တင်ပြတောင်းခံကြသော်လည်း ယခင်အစိုးရလုပ်ထုံးလုပ်နည်းအတိုင်း အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေကြောင်း အချို့သော ပုဂ္ဂိုလ်အား တစ်နှစ်ပတ်ဝန်းကျင်ရှိသော်လည်း ခွင့်ပြုမိန့်မကျသေးကြောင်းကိုလည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်အချို့တို့မှ ကျွန်တော်တို့ကို တစ်ဆင့်ပြောပြကြားသိရပါတယ်။ ကြိုးနီစနစ်ပုံစံ၊ လူကိုယ်တိုင် လိုက်မှ အမိန့်ရမည့်ပုံစံ ဖြစ်နေရသလားလို့တောင်မှထင်မြင်ယူဆရပါတယ်။

ယနေ့အချိန်မှာ ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရဖြစ်ရေးကို နိုင်ငံတော် သမ္မတကြီးမှ ဦးဆောင်ဆောင်ရွက်နေသည့် အချိန်မှာ လုပ်ငန်းကြန့်ကြာမှုကို မရှိသင့်တော့ပါ။ ပေးသင့်ကြောင်း သို့မဟုတ် မှန်လျှင် မှန်သလို၊ မပေးသင့်ကြောင်း သို့မဟုတ် မမှန်လျှင်မမှန်သလို ဆောင်ရွက်ပေးရန် အချိန်ဖြစ်ပါကြောင်းကို သုံးသပ်နေရပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါ မေးခွန်းများ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ (က) ပုဂ္ဂလိက၊ အဖွဲ့အစည်းနဲ့ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့်အခြားသစ်ပင်များ စိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်း လိုင်စင် ရရှိရေး အတွက် ပြည်နယ်/တိုင်းအလိုက် စိစစ်ဆောင်ရွက်ပေးထားမှုရှိ/မရှိ။ (ခ) ရှိပါက လုပ်ငန်းလုပ်ပိုင်ခွင့် လိုင်စင် ထုတ်ပေးသော ပြည်နယ်နှင့်တိုင်းအတွင်း လျှောက်ထားမှုဦးရေ ဖော်ပြ ပေးနိုင်ခြင်း ရှိ/မရှိ။ (ဂ) လိုင်စင်ထုတ်ပေးရန် ကျန်ရှိဦးရေ။ (ဃ) လုပ်ငန်းခွင့်ပြုချက်ပေးရန် ကျန်ရှိပါက ၎င်းအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို ဘယ်အချိန်မှာ ထုတ်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မေးခွန်းမဖြေကြားခင်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒီမေးခွန်းပေါ်မှာ ခြေဆင်းဆွေးနွေးသွားတဲ့ အကြောင်းအရာလေးနဲ့ပတ်သက်လို့ အကျဉ်းမျှ ကျွန်တော်ပြန်လည်တင်ပြလိုပါတယ်။ ဒါနဲ့ပတ်သက်လို့ လည်း ကျွန်တော်ကိုယ်တိုင် အမျိုးသားလွှတ်တော်မှာ တစ်နာရီခွဲခန့် အချိန်ယူပြီး အဆိုရှင်အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်ရဲ့ အဆိုကို အသေးစိတ်ဆွေးနွေးသွားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သစ်တောသယံဇာတတွေရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံတော်အစိုးရပိုင်းက တာဝန်ရှိသလို ပြည်သူတွေအားလုံး ယနေ့လွှတ်တော် ကိုယ်စားလှယ်တွေ အပါအဝင်ပြည်သူတွေ အားလုံးအသိစိတ်နဲ့ပူးပေါင်းပါဝင် ဆောင်ရွက်မှ ရေရှည်တည်တံ့တဲ့ သစ်တောစီမံအုပ်ချုပ်တဲ့လုပ်ငန်း တစ်နည်းအားဖြင့် သဘာဝတောများ တစ်နည်းအားဖြင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတု ပြောင်းလဲလာမှု၊ သူ့ရဲ့အကျိုးဆက်များဖြစ်တဲ့သစ်တောများပြုန်းတီးလာမှုကို ထိန်းသိမ်းကာကွယ်ပြီး တစ်ဖက်က သစ်တောတွေ ပြန်လည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်တဲ့လုပ်ငန်းတွေအောင်မြင်မည်ဖြစ်ကြောင်း အသေးစိတ် ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဒီမှာလည်း ကျွန်တော်တို့ သစ်တောဖုံးလွှမ်းမှုနဲ့ သစ်တောသယံဇာတတည်ရှိမှု အခြေအနေတွေကို ကျွန်တော် ဘယ်လို တွက်ချက်တယ်ဆိုတာ အသေးစိတ်တင်ပြခဲ့ပြီး ဖြစ်တဲ့အတွက် ဒီလုပ်ငန်းအပေါ်မှာလည်း ပြန်လည် ရှင်းလင်းတင်ပြလိုခြင်း မရှိတော့ပါဘူး။ သို့သော်လည်း ကျွန်တော်တင်ပြလိုတာကတော့ သဘာဝတောများ ထိန်းသိမ်းခြင်းနဲ့ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဟာကျွန်တော်တို့ရဲ့ အနာဂတ် သားစဉ်မြေးဆက်အတွက် သဘာဝသစ်တော သယံဇာတတွေ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ဖို့ တစ်နည်းအားဖြင့် ကျွန်တော်တို့ရဲ့ Sustainable Development ဆိုတဲ့ထာဝစဉ်ဖွံ့ဖြိုး တိုးတက်တဲ့လုပ်ငန်းစဉ်ထဲမှာ အဓိကကျတဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကိုခုနကလို အသိစိတ်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရင် ကျွန်တော်တို့တင်မက အနာဂတ် သားစဉ်မြေးဆက်အတွက် အမွေခံကောင်းတွေ ဖြစ်တဲ့ ပတ်ဝန်းကျင် ရာသီဥတု ညီညွတ်မျှတတဲ့သဘာဝပတ်ဝန်းကျင်တွေနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေး လုပ်ငန်းတွေကို အထောက်အကူပြုသွားမယ်ဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော်တို့ သစ်တောများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ကျွန်တော်တို့ ခုန တင်ပြခဲ့သလို နိုင်ငံတော် အစီအစဉ်မြင့်တဲ့ သစ်တောစိုက်ခင်းများကို နိုင်ငံတော်ဘဏ္ဍာငွေကို ရယူပြီးတော့ အစဉ်အဆက် ထူထောင်ခဲ့ပါတယ်။ ဒီလို ထူထောင်တဲ့အခါမှာ ခုနကကနေ့အချိန်ထိ ကျွန်တော်တို့ ပြီးစီးမှုက (၂.၅)သန်းခန့် ရှိပါတယ်။ ဒီမှာလည်း ထူထောင်ခဲ့တဲ့စိုက်ခင်းတွေအပေါ်မှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ တဖြည်းဖြည်းနဲ့ ဘဏ္ဍာငွေ သုံးစွဲမှု အခြေအနေပေါ်မှာ

ထောက်ရှုပြီး တစ်ဖက်က ကျွန်တော်တို့ရဲ့ ဒေသခံပြည်သူတွေ နိုင်ငံသားတွေ ပူးပေါင်းပါဝင်တဲ့ ပုဂ္ဂလိကစိုက်ခင်းတွေ ထူထောင်ဖို့ အားပေးမြှင့်တင်လာခဲ့ပါတယ်။ တစ်နည်းပြောရရင်တော့ နိုင်ငံတော်ရဲ့ ဒေသခံ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ သစ်တောများ ပြုစုထိန်းသိမ်းရာမှာ ပြည်သူများ ပူးပေါင်းပါဝင်မှုကို ရရှိစေဖို့ ပုဂ္ဂလိက သစ်တောကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့နဲ့ Public Private Partnership ခေါ်တဲ့ ပြည်သူများ၊ ပုဂ္ဂလိကများ ပူးပေါင်းပါဝင်တဲ့ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရှေးရှုပြီးတော့မှ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ အတွင်းမှာရှိတဲ့ တောနိမ့်တောပျက် ဧရိယာများမှာ ပုဂ္ဂလိက နိုင်ငံသားများကို သစ်တောစိုက်ခင်းများ ထူထောင်ခွင့် ပြုနေခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါရှိတဲ့ သစ်တောပြုန်းတီးမှုကို ကျွန်းသစ်မာနဲ့ အခြားတန်ဖိုးရှိ သစ်ပင်များအစားထိုးပြန်လည် စိုက်ပျိုးရန်အတွက် တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများမှ လျှောက်ထားမှုအပေါ် ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်လို့ တစ်ပိုင်တစ်နိုင် အသေးစား၊ အလတ်စား၊ စီးပွားရေး အသွင်သဏ္ဍာန်နဲ့ ပုဂ္ဂလိက စိုက်ခင်းများ ထူထောင်လာဖို့တော့ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ကျွန်းစိုက်ခင်း အားဖြင့် အဓိက ပမာဏ (၅၀၀) သစ်မာမျိုးစုံစိုက်ခင်းဧကပမာဏ (၁၀၀) ရာဘာနဲ့ စက်မှုကုန်ကြမ်းစိုက်ခင်း ဧကအားဖြင့် (၂၀၀)ထိကို ကျွန်တော်တို့ စနစ်တကျ အဆင့်ဆင့် စိစစ်ပြီးမှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်ရှည်စာချုပ် ချုပ်ပြီး ခွင့်ပြုဆောင်ရွက်နေခြင်းဖြစ်ကြောင်း အသိပေး တင်ပြလိုပါတယ်။ သစ်တောနယ်မြေများအတွင်းမှာ တောနိမ့်တောပျက်ဧရိယာများမှာ ပုဂ္ဂလိက စိုက်ခင်းများ တည်ထောင်ခြင်းကို ၂၀၀၆ ခုနှစ်မှစပြီး ခွင့်ပြုတဲ့အခါမှာ ၂၀၁၄-၂၀၁၅ ဇူလိုင်လကုန်ထိ ပုဂ္ဂလိကကျွန်း (၂၁၅၁၇၄)ဧက တည်ထောင်ရန် (၂၀၆)ဦး၊ ထိုနည်းတူပဲ သစ်မာစိုက်ခင်း (၁၀၃၄၄၅)ဧက စိုက်ပျိုးရန် အတွက် လူဦးရေကတော့ (၂၄၉၂)ဦး၊ ရာဘာ ဆီအုန်းစက်မှုကုန်ကြမ်းစိုက်ခင်းများအတွက် (၈၉၁၅၈၂) ဧကအတွက် ကျွန်တော်တို့ နိုင်ငံသားလုပ်ငန်းရှင် (၁၄၂၈၈)ဦး ခွင့်ပြုခဲ့ပါတယ်။ ပုဂ္ဂလိက စိုက်ခင်းစုစုပေါင်းရဲ့ ပမာဏဟာ (၆၀၀၄၀၅)ဧက စိုက်ပျိုးခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ နိုင်ငံတော်မှ ကောင်းမွန်တဲ့ ရည်ရွယ်ချက်များနဲ့ ပုဂ္ဂလိက စိုက်ခင်းများကို ခွင့်ပြုပေးသည့်နည်းတူ စိုက်ခင်း စိုက်ပျိုး တည်ထောင်ခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်းနှင့် နည်းပညာဆိုင်ရာ အကြံဉာဏ်များပေးခြင်း ထို့နည်းတူပဲ စိုက်ခင်းလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဒေသအလိုက် စကားဝိုင်းများဖွဲ့ပြီး အသိပညာ ဖလှယ်ခြင်း စတဲ့ လုပ်ငန်းစဉ်များအပြင် အလုပ်ရုံ ဆွေးနွေးပွဲများပါ အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ နှစ်အလိုက် ပုဂ္ဂလိက စိုက်ခင်းအကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးမှုများကို နှစ်စဉ်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့ စိစစ်ပြီးတော့မှ အသေးစိတ် ခွင့်ပြုပေးပြီး ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ ဘာကြောင့် ဒီလို စိစစ်ရသလဲဆိုတော့ ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်း တည်ထောင်ခွင့် လျှောက်ထားခြင်း နှင့်စပ်လျဉ်းပြီး လျှောက်ထားသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံနိုင်သော ငွေကြေးပမာဏ ပိုင်ဆိုင်ထားမှု ရှိ/ မရှိ စိစစ်ရပါတယ်။ ထိုနည်းတူပဲ မြေနေရာကို ဦးလို၍ မဟုတ်ဘဲ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုခြင်း ရှိ/ မရှိ သစ်တောလုပ်ငန်း သစ်တောကဏ္ဍနဲ့ ဆက်နွယ်တဲ့ လုပ်ငန်းအတွေ့အကြုံနဲ့ ကျွမ်းကျင်သော ဝန်ထမ်းလုပ်သားများ ရှိ/ မရှိ စသဖြင့် စိစစ်ရပါတယ်။ ထိုနည်းတူပဲ လျှောက်ထားတဲ့ မြေနေရာနဲ့ပတ်သက်လို့ စိုက်ခင်းတည်ထောင်ရန်

သတ်မှတ်ထားတဲ့ အလုပ်တိုက်နယ်အတွင်းမှာ ပါဝင်ခြင်း ရှိ/ မရှိ ၊ သတ်မှတ်ထားသော ပုဂ္ဂလိက စိုက်ခင်းဇုန်အတွင်း ကျရောက်ခြင်း ရှိ/မရှိ၊ အရေးကြီး ဆည်နဲ့ ရေလှောင်တမံ ရေဝေရေလဲဧရိယာတွေနဲ့ လွတ်ကင်းခြင်း ရှိ/ မရှိ ၊ မူလတောအခြေအနေအရ သစ်ပင် စိုက်ပျိုးရန်အတွက် လိုအပ်ခြင်း ရှိ/ မရှိ ၊ ဌာနစိုက်ခင်းနဲ့ အခြားသစ်တောလုပ်ငန်းများ ဆောင်ရွက်ထားသည့်မြေနေရာနှင့် ကင်းလွတ်မှု ရှိ/ မရှိ၊ စိုက်ပျိုးလိုသည့်သစ်မျိုးနဲ့ မြေအမျိုးအစားများ ကိုက်ညီမှု ရှိ/မရှိ ၊ ကျူးကျော်လယ်ယာမြေများနဲ့ ကင်းလွတ်မှု ရှိ/ မရှိ စတဲ့ ဒီလိုအချက်တွေ စုစုပေါင်း ကျွန်တော်တို့ အချက်အားဖြင့် (၁၄)ဆင့် ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်ပြီးမှသာ အဲဒီအချက်တွေနဲ့ စိစစ်ပြီး ကိုက်ညီမှသာလျှင် ကျွန်တော်တို့ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ထူထောင်လိုတဲ့ သူတွေကိုတော့ နိုင်ငံသားများကိုတော့ ပြည်ထောင်စု အစိုးရအဖွဲ့ကို တင်ပြပါတယ်။

ထိုနည်းတူပဲ ရာဘာ၊ ဆီအုန်းစက်မှုကုန်ကြမ်းစိုက်ခင်း လျှောက်ထားလို့ရှိရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီမှာ အတည်ပြုပါတယ်။ သစ်မာစိုက်ခင်းများကိုတော့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဆင့်မှာပဲ စိစစ်ပြီး ခွင့်ပြုပြီး ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနဲ့ စပ်လျဉ်းပြီး ရင်းနှီးမြှုပ်နှံလိုသူများရဲ့ ဆုံးရှုံးနစ်နာမှု မရှိစေရေး ကျွန်တော်တို့နိုင်ငံတော်အတွက် မြေသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဖော်ပြပါအတိုင်း အလေးအနက်ထားပြီး စနစ်တကျ စိစစ်ဆောင်ရွက်ပေးလျက် ရှိသဖြင့် လျှောက်ထားချိန်မှ ခွင့်ပြုချိန်ထိ ကျွန်းစိုက်ခင်းဖြစ်ပါက (၃)လခန့်၊ သစ်မာစိုက်ခင်းနဲ့ ရာဘာစိုက်ခင်း ဖြစ်ပါက (၂)လ ခန့် မှန်ကန်လို့ရှိရင် ကြာမြင့်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ပုဂ္ဂလိက ကျွန်းစိုက်ခင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသူများမှ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နိုင်မှု မရှိခြင်း၊ မြေနေရာဦးပြီး အခြား နည်းလမ်းများဖြင့် ပြောင်းလဲအသုံးချခြင်း၊ မြေငှားရမ်းခများကို အချိန်ကာလ ပေးသွင်းမှု မရှိခြင်း တို့ကြောင့် ပုဂ္ဂလိက စိုက်ခင်းများကို ရည်ရွယ်ချက် မှန်ကန်အကျိုးရှိစွာ စိုက်ပျိုးတည်ထောင် လုပ်ကိုင်လိုသူများအတွက် မြေအသုံးချနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးလျက် ရှိသဖြင့် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခွင့်ရထားပြီး ခွင့်ပြုထားသူပမာဏနဲ့ ကာလအတိုင်း စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မရှိတဲ့ မြေနေရာများကို ပြန်လည်အပ်နှံရန်နှင့် နိုင်ငံပိုင်သတင်းစာများမှာ ကျွန်တော်တို့ အသိပေး ကြေညာချက်များ ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုထုတ်ပြန်ခဲ့ပြီး သတ်မှတ်ချက်နဲ့ညီညွတ်စွာ ဆောင်ရွက်မှု မရှိတဲ့ ပုဂ္ဂိလက လုပ်ငန်းရှင် (၄၆၂)ဦးရဲ့ ဧရိယာပေါင်း (၅၂၈၈၆၄)ဧကကို ပြန်လည် သိမ်းဆည်းခဲ့ပါတယ်။ တိုင်းဒေသကြီး ပြည်နယ်အလိုက် ကျွန်း၊ သစ်မာနဲ့ စက်မှုကုန်ကြမ်းစိုက်ခင်း (၂၇၆၇၁၆၅)ဧက တည်ထောင်ရန်အတွက် လျှောက်ထားသူ (၁၇၉၂၈)ဦးအနက်မှ စိစစ်ရန် သတ်မှတ်ချက်များနဲ့ညီညွတ်သူ (၁၆၉၈၆) ဦးအတွက် မြေဧက (၁၂၁၀၀၃၉) ဧကကို ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ လျှောက်ထားသူ (၇၇၄)ဦး၏ လျှောက်ထားဧရိယာ (၈၅၃၆၃၈)ဧကအား မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှာအဆင့်ဆင့် စိစစ်ဆောင်ရွက်ဆဲ ဖြစ်သကဲ့သို့ လျှောက်ထားသူ (၁၆၈)ဦးရဲ့ လျှောက်ထားတဲ့ ဧရိယာပမာဏ (၇၀၃၄၈၈) ဧကဟာ အရေးကြီး ဆည်တမံ ရေဝေရေလဲ ဧရိယာအတွင်း ကျရောက်ခြင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်း ပါဝင်နေခြင်း၊သစ်တောဖုံးလွှမ်းမှု ကောင်းမွန်ခြင်း၊ ဌာနမှ ခွင့်ပြုပေးနိုင်တဲ့ ပမာဏထက် ကျော်လွန်နေခြင်း လုံခြုံရေးအကန့်အသတ်

ရှိသော နယ်မြေအတွင်းကျရောက်ခြင်းတို့ကြောင့် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ရန် ခွင့်ပြုပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း အသိပေးတင်ပြလိုပါတယ်။

သို့ပါ၍ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိက ကျွန်း၊ သစ်မာနဲ့ စက်မှုကုန်ကြမ်း ပုဂ္ဂလိက စိုက်ခင်းများ လျှောက်ထားလာမှုအပေါ် စိစစ်ခွင့်ပြုရာမှာ ပုံမှန်အားဖြင့်(၃)လခန့်အတွင်း ကြာမြင့်သော်လည်း အချို့လျှောက်ထားမှုများသည် ဌာနရဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း မူဘောင်များနဲ့ ကိုက်ညီမှု ရှိ/ မရှိ အကြိမ်ကြိမ် ပြန်လည်စိစစ်နေရတဲ့အတွက် ပုံမှန်ကြာသင့်သည့် အချိန်ကာလထက် ကြာမြင့်နေကြောင်း အသိပေးတင်ပြလိုပါတယ်။ ယခုအခါမှာ ပုဂ္ဂလိက စိုက်ခင်းတည်ထောင်ခွင့် လျှောက်ထားခြင်းနှင့် စစ်ဆေးတင်ပြခြင်း၊ ခွင့်ပြုခြင်းများကို Online မှတစ်ဆင့် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်သလို မြေနေရာ လုပ်ပိုင်ခွင့် ခွင့်ပြုချက်ရရှိရေး လုပ်ငန်းစဉ်များတွင်လည်း လုပ်ငန်းစဉ်များ အဆင့်ဆင့် လျှော့ချနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း အသိပေး တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင် အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules)နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ(Project Estimates)တည်ငြိမ်ရေး အတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားတဲ့ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်း

များ အကောင်အထည် ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၈။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြ၍ ကျန်းမာရွှင်လန်းကြပါစေလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် က ၁၆-၉-၂၀၁၄ ရက်နေ့မှာ တင်သွင်းခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်းရဲ့ စိစစ်ထောက်ခံချက်နဲ့ အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက် ရယူလိုက်နာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီလိုထောက်ခံဆွေးနွေးရာမှာ အင်္ဂလိပ်စာ အသုံးအနှုန်းများ ပါဝင်နေခြင်းကိုလည်း တစ်ပါတည်း ခွင့်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ ဖြတ်သန်းလာခဲ့တဲ့ အုပ်ချုပ်မှုသက်တမ်းကာလတွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မတိုင်မီ ယခင်ကာလများတွင်လည်းကောင်း နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေတဲ့ ကဏ္ဍပေါင်းစုံ စီမံကိန်းကြီးများ၊ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက် ရှိတာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ကြရာမှာ ပြည်ပအဖွဲ့အစည်းများရဲ့ ချေးငွေများ ပါဝင်သကဲ့သို့ မိမိနိုင်ငံပိုင် အရင်းအနှီးသက်သက်လည်း ပါဝင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၀ ပြည့်နှစ် ဝန်းကျင်နှင့် နောက်ပိုင်းမှာ လက်ရှိအခြေအနေအထိ ဈေးကွက်စီးပွားရေးဖွင့်လှစ်ပေးလျက် ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုအကျိုးခံစားခွင့် ပုံစံအမျိုးမျိုးကို ကျင့်သုံးတဲ့စနစ်ဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာတာကို လေ့လာတွေ့ရှိကြရပါတယ်။ ဒါတွေအားလုံးကို အုပ်ချုပ်တဲ့ အစိုးရအဖွဲ့များက နိုင်ငံတော်နဲ့ တိုင်းရင်းသားအားလုံးအကျိုး ရည်မျှော်လုပ်ဆောင် ခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုတာမှာ လက်ရှိပြည်ထောင်စုဝန်ကြီးဌာနများရဲ့ နိုင်ငံတော်ရဲ့ နှစ်တို/ နှစ်ရှည် အမျိုးသားစီမံကိန်းများမှာ မိမိတို့နဲ့ သက်ဆိုင်တဲ့ကဏ္ဍများရဲ့ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲပါဝင် အကောင်အထည်ဖော်လျက်ရှိနေကြရာမှာ မိမိ၏ အဖွဲ့အစည်းအတွင်းမှာသော်လည်းကောင်း၊ အခြားပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းများနဲ့ ချိတ်ဆက်၍

လည်းကောင်း စီမံကိန်းလုပ်ငန်းများ၊ ဆောင်ရွက်မည့်အစီအစဉ်နှင့် ခန့်မှန်းကုန်ကျစရိတ်၊ ဘဏ္ဍာနှစ်အလိုက် လိုအပ်ရန်ပုံငွေ၊ စီမံကိန်းအချိန်ကာလအပိုင်းအခြား စသည်တို့ကို လုပ်ငန်းမဆောင်ရွက်မီကတည်းက ပီပြင်စနစ်ကျစွာပြုစု၍ တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူလုပ်ဆောင်ရေးပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ လွှတ်တော် သက်တမ်းအတွင်း လွှတ်တော်ကော်မတီများနှင့် ဝန်ကြီးဌာနများအကြား ဆက်စပ်နေတဲ့ နှစ်စဉ် ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ကြရာမှာ တွေ့ကြုံရမှုများကို အပြုသဘောဖြင့် ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာနများ အနေနဲ့ စီမံကိန်းလုပ်ငန်းများကို ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ် ရန်ပုံငွေခေါင်းစဉ်များ အောက်မှ တင်ပြတောင်းခံလာကြတဲ့ ကိစ္စရပ်များဟာ သာမန်အခြေခံ၍ ပေါ်ပေါက်ရခြင်း ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဝန်ကြီးဌာန အားလုံး အားနည်းချက်ရှိတယ်လို့ ဆိုလိုခြင်းမဟုတ်ပါဘူး။

အချို့လုပ်ငန်းဌာနများမှာ စီမံကိန်းလုပ်ငန်းများကို တာဝန်ပေးချက်အရ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရ၍ မြေပြင်မှာတိုးတက်မှုများ တွေ့ရှိနေရသော်လည်း ၎င်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဘဏ္ဍာနှစ်အတွင်းနှင့် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်ဇယားများ (Works Program) ပါဝင်မှုအားနည်းခြင်းနှင့် အမျိုးမျိုးပြုပြင် ပြင်ဆင်ပြောင်းလဲချက် ရှိခြင်း၊ ဥပမာ-ရန်ပုံငွေတင်ပြတောင်းခံရာမှာ ဘဏ္ဍာနှစ်မတိုင်မီ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်း ခန့်မှန်းတန်ဖိုး ကိန်းဂဏန်း၊ တောင်းခံဘဏ္ဍာနှစ် မူလခန့်မှန်းခြေစာရင်း (BE) တွင် ခန့်မှန်းတန်ဖိုးနှင့် ဘဏ္ဍာနှစ် နောက်ပိုင်း ဖြည့်စွက်ရန်ပုံငွေစာရင်း(RE) တွင် ခန့်မှန်းတန်ဖိုးများဆိုင်ရာ ကိန်းဂဏန်းများ အသီးသီး ကွဲလွဲဖော်ပြနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီကိစ္စရပ်တွေကို လုပ်ငန်းဌာနအတွင်း အဆင့်ကပဲ စီမံကိန်းလုပ်ငန်း ခန့်မှန်းခြေတန်ဖိုးကို အကြိမ်ကြိမ်ပြုလုပ်ခဲ့တဲ့ (Reverse)ဟု ယူဆခဲ့ပါတယ်။ အဆိုရှင်တင်ပြခဲ့တဲ့ မှတ်သားထားမိခဲ့သလို အကြောင်းအမျိုးမျိုးကြောင့် ကိန်းဂဏန်းပြောင်းလဲတာကို နားလည်သဘောပေါက်ထားသော်လည်းပဲ စီမံကိန်း မူလသတ်မှတ်ကာလ ဥပမာပြောကြရရင် (၄)နှစ်၊ (၅)နှစ်၊ (၆)နှစ် စတဲ့လုပ်ငန်းကြီးတွေမှာ ပထမ(၁)နှစ်၊ (၂)နှစ်အတွင်းမှာ ကိန်းဂဏန်းတည်ငြိမ်မှု မရှိကြတဲ့အပေါ်မှာ ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။

ယနေ့နိုင်ငံတော်ရဲ့ ဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အောက်မှာ ပြည်တွင်းသုံးငွေနဲ့ နိုင်ငံခြားသုံးငွေ လဲလှယ်မှုနှုန်းများဟာ အထိုက်အလျောက် လွန်စွာကြီးမားကွာဟမှုမရှိတော့ခြင်းကြောင့် ကိန်းဂဏန်းများ အချိန်တိုအတွင်း မြင့်မားပြောင်းလဲနိုင်မှု မရှိဟုလည်း ယူဆရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများကို ကာလအသီးသီးအတွက် အမျိုးသား စီမံကိန်းဥပဒေကြမ်းမှာ ထည့်သွင်းပါရှိ အတည်ပြုထားပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနများ၊ လုပ်ငန်း ဌာနများကလည်း မဖြစ်မနေလုပ်ဆောင်ကြရမည့် စာရွက်စာတမ်း၊ လုပ်ငန်းစာရင်းဇယားများ ပီပြင်မှုရှိရန် လိုအပ်ပါတယ်။ ကျွန်တော်နားလည်တာမှာ နိုင်ငံတော်က ခွင့်ပြုချထားပေးပြီးလျှင် မူလရုံးမှ အသေးစိတ် ခန့်မှန်းခြေစာရင်းကို ဘဏ္ဍာနှစ်အလိုက်၊ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့်အတူ ပြီးပြည့်စုံသော ခန့်မှန်းခြေစာရင်းတစ်စောင်ကို အချိန်မီပြုစုခြင်း၊

စစ်ဆေးမည့် တာဝန်ခံ ဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းဌာန(စိစစ်တိုး) သို့ ပေးပို့ခြင်း၊ ဆက်လက်၍ အစိုးရအဖွဲ့သို့ တင်ပြ၍အတည်ပြုချက် ရယူခြင်းစတဲ့ အဆင့်ဆင့်တို့ကို လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီဖော်ပြပါ ဆောင်ရွက်ကြရမယ့် လုပ်ငန်းအဆင့်ဆင့်မှာ နိုင်ငံပိုင် ငွေကြေးသီးသန့်ဖြင့် ဆောင်ရွက်ရတဲ့ လုပ်ငန်းများသာမက နိုင်ငံခြားမြုပ်နှံမှု (FDI)၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းများ(JB)၊ (BOD)(PSC) (BOT) စီမံကိန်းများမှာ အကျုံးဝင် နေတယ်ဆိုတာ ထပ်လောင်းဆွေးနွေးတင်ပြလိုပါတယ်။

ဒီအပြင် ရန်ပုံငွေတောင်းခံကြရာမှာ သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းဆောင်ရွက်ရာမှာ ငွေလုံး ငွေရင်းအသုံးစရိတ်၊ (Capital Budget)၊ သာမန်အသုံးစရိတ် (Budget) ခေါင်းစဥ်များအောက်မှာ ဘဏ္ဍာရေး စည်းမျဥ်းစည်းကမ်းများနှင့် ညီညွတ်စွာ တောင်းခံရန် လိုအပ်မှာဖြစ်ပါတယ်။ သာမန်အသုံးစရိတ်ခေါင်းစဥ်အောက်ရှိ လုပ်ငန်းသဘာဝအတွက် ရန်ပုံငွေရရှိမှု လုံလောက်ခြင်းမရှိ၍ ငွေလုံးငွေရင်းခေါင်းစဥ်အောက်မှ မိမိလုပ်ငန်းဌာနအစီအမံဖြင့် စီမံကိန်း အမည်တပ်၍ ရန်ပုံငွေ တောင်းခံ လုပ်ဆောင်ခြင်းများကို ရှောင်ရှားသင့်ပါတယ်။ ဒီအဆိုပါ စီမံကိန်းတွေအချို့ဟာ ကာလ ကြာမြင့်စွာကတည်းက ပြီးစီးခဲ့ပြီးတော့ ယခုစီမံကိန်းအဖြစ် ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်း (Re-habilitation) လုပ်ကိုင်လိုလျှင် အဖက်ဖက်မှ ပညာပိုင်း (Technical)၊ ငွေကြေးပိုင်းဆိုင်ရာ (Financial)၊ ပြန်လည်ပြုစုတင်ပြ အတည်ပြုချက်ရယူရန် လိုအပ်လျက်ရှိကြောင်းလည်း လေ့လာတွေ့ရှိ ရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အနေနဲ့လည်း ငွေလုံးငွေရင်း အသုံးစရိတ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ စီမံကိန်းတွေဟာ အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်မှုရှိ/မရှိ၊ ဘဏ္ဍာငွေသုံးစွဲမှု စနစ်တကျဖြစ်စေရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်း၍ ဆောင်ရွက်မှု စီမံကိန်းလျာထားချက် ပီပြင်မှုနှင့် လျာထားချက်နှင့်အညီ စနစ်တကျခွဲဝေသုံးစွဲမှု၊ နှစ်စဥ် တင်ပြတောင်းခံရတဲ့ ရငွေ၊ သုံးငွေ ခန့်မှန်းခြေစာရင်းဟာ အနီးကပ်ဆုံးမှန်ကန်မှု၊ ဖြည့်စွက်ခွင့်ပြုငွေ များ တောင်းခံရာမှာလည်း အမှန်တကယ် လိုအပ်မှုများ ဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်နိုင်ရန် စီမံလုပ်ဆောင်လျက် ရှိတယ်ဆိုတာ စက်တင်ဘာလ၊ ၂၀၁၄ ပထမပတ်မှာ နေ့စဥ်ထုတ်သတင်းစာ အချို့မှာ ဖတ်ရှုရပြီးတော့ အစီအစဥ်တကျ လုပ်ဆောင်တယ်လို့ စီမံချက်ကိုလည်း သုံးသပ်တင်ပြ အပ်ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးမျိုးမြင့် ့မှ တင်သွင်းတဲ့ အဆိုကို နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးငှာ လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ ဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရ ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်

ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ၁၆-၉-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည် ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူ စစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူ လိုက်နာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ အင်္ဂလိပ်စာအသုံးအနှုန်းများ သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ခေတ်အဆက်ဆက် အစိုးရများဟာ တိုင်းပြည်စီးပွားရေးတိုးတက်ဖို့အတွက် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကို ခွင့်ပြုချက် အတိုင်းအတာ၊ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်၊ ပြည်သူများရဲ့ အဓိကလိုအပ်ချက်၊ နယ်မြေဒေသ အလိုက် ကွဲပြားတဲ့လိုအပ်ချက်များအပေါ် မူတည်ပြီးတော့ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရပါတယ်။ စီးပွားရေးအရ တွက်ခြေကိုက် အောင်မြင်ခဲ့တာရှိသလို စီးပွားရေးအရ အကျိုးအမြတ်မထွက်ပေမယ့် အခြားလူမှုရေး၊ ဒေသန္တရ အရေးများအတွက် အကျိုးသက်ရောက်မှု ရှိခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယနေ့ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့ကြတဲ့ လွှတ်တော် များနဲ့ အစိုးရအဖွဲ့အသီးသီးဟာလည်း သက်တမ်း(၃)နှစ်ခွဲကာလမှာ နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုး တိုးတက်စေဖို့ ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုအတော်များများ ရရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်စေဖို့ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ နိုင်ငံတကာကလည်း ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးရန် ပြည်တွင်းပြည်ပမှာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေတာလည်း အားလုံး သိရှိတဲ့အတိုင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ပြည်သူ့ ကိုယ်စားလှယ်အနေနဲ့ မဲဆန္ဒနယ်မြေများကို ရောက်ရှိလေ့လာရာတွင်လည်းကောင်း၊ လွှတ်တော် ကော်မတီအသီးသီးရဲ့ တာဝန်ပေးချက်အရ ဝန်ကြီးဌာနများနဲ့ စီမံကိန်းလုပ်ငန်းခွင်များသို့ ရောက်ရှိ လေ့လာရာတွင်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း(၁၀၀၀)ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း များကို လက်တွေ့ ဆောင်ရွက်ရာတွင် လည်းကောင်း၊ လုပ်ငန်းတစ်ရပ်အတွက် ကြိုတင်တွက်ချက်ခြင်း၊ ဆောင်ရွက်မည့်အစီအစဉ် ရေးဆွဲခြင်း၊ ခွင့်ပြုချက်တင်ပြတောင်းခံခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းဘောင် အတွင်းက ငွေစာရင်း နည်းလမ်းတကျ အဆင့်ဆင့်ဆောင်ရွက်ခြင်း၊ လုပ်ငန်းပြီးစီးမှုနှင့် လက်တွေ့ ဆောင်ရွက်ရာတွင် အမှန်ကုန်ကျ ငွေများနှင့် ခန့်မှန်းခွင့်ပြုငွေထက် ပိုမိုသုံးစွဲငွေများ ရရှိဆောင်ရွက်မှု များကိုလည်း တင်ပြခြင်း အစရှိတဲ့ လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများ ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အဆင့်မှ အကောင်အထည်ဖော်ဆောင်ရွက်ကြရတဲ့ စီမံကိန်း ကြီး/ငယ်များရဲ့ အခန်းကဏ္ဍ

ကိုလည်း အဖက်ဖက်မှ ဘောင်ဝင်၍ နည်းလမ်းတကျ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ဟာလည်း ပိုမိုစနစ်တကျ ရှိရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ဝန်ကြီးဌာနများမှ လုပ်ငန်းဌာန၊ ဦးစီးဌာနအချို့မှ နှစ်စဉ် ဘဏ္ဍာငွေ အရအသုံး တင်ပြလာမှုကို လေ့လာကြည့်ရာတွင် စီမံကိန်းဆိုသည်မှာ ကနဦး လေ့လာစာရင်းစစ်တမ်း ကောက်ယူခြင်း(Investigation data collection)၊ အကျိုးဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း (Pre-feasibility study)၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဆန်းစစ်ချက်ဒီဇိုင်း (Conceptual design)၊ အသေးစိတ်ဒီဇိုင်း(Detail design)၊ စီမံကိန်းလုပ်ငန်း ခန့်မှန်းခြေစာရင်း (Project Estimates) ပြုစုခြင်းစတဲ့ အစီရင်ခံစာများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ရုံးချုပ်အဆင့်အသီးသီးမှ ဝန်ကြီးဌာနသို့ တင်ပြရမယ်ဖြစ်ပါတယ်။ ၎င်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသို့ ပေးပို့စစ်ဆေးစိစစ်ရန် လိုအပ်ပါတယ်။ စိစစ်ပြီးနောက် မူလဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြရမယ်ဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ တင်ပြခန့်မှန်းခြေတန်ဖိုး အပေါ် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုချက်(Financial section) ပြုစုပြီးတော့ ဆောင်ရွက်စေခြင်းက စနစ်ကျသော လမ်းကြောင်းမှန် ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဝန်ကြီးဌာနအချို့ရဲ့ စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့ပြီး ဖြစ်သော်လည်း အစိုးရအဖွဲ့သို့ နှစ်စဉ်ရန်ပုံငွေ တောင်းခံသုံးစွဲခြင်းမှအပ စီမံကိန်း အဆိုပြုချက်နှင့် ခွင့်ပြုထားမှုများ မရှိသေးကြောင်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများ (၂)နှစ်၊ (၃)နှစ် ကြာလာသည့်တိုင် တရားဝင်စီမံကိန်း ခွင့်ပြုချက်ရယူထားခြင်း မရှိမှုကိုလည်းကောင်း လေ့လာတွေ့ရှိနေရပါတယ်။ ဦးစီးဌာန၊ လုပ်ငန်းဌာနများအနေနဲ့ နှစ်စဉ် ဘတ်ဂျက်လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် တိုင်းတာတွက်ချက်နိုင်သမျှ ဆောင်ရွက်လုပ်ကိုင်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း မူလခန့်မှန်းခြေစာရင်း(BE) လိုအပ်ငွေ၊ ထပ်မံလိုအပ် ဖြည့်စွက်တောင်းခံငွေ (RE) တို့ကို မိမိတို့ ဝန်ကြီးဌာနမှတစ်ဆင့် အထက်အဆင့်ဆင့်ရှိ ဘတ်ဂျက်စိစစ်ရေးကော်မတီ အဖွဲ့များထံ တင်ပြလျက် လျှော့ခြင်း၊ တိုးခြင်း၊ ဖြတ်တောက်ခြင်းတို့ ကျင့်သုံးတဲ့စနစ် ဖြစ်နေတယ်လို့ သုံးသပ်လိုပါတယ်။ ဤအဆင့်သည် မူလ ကျွန်တော်တင်ပြခဲ့သော အဆင့်များဆောင်ရွက်ပြီးမှ ဆောင်ရွက်ရမယ့် အဆင့်ဖြစ်တယ်လို့ သုံးသပ်လိုပါတယ်။ ဒီလိုထောက်ပြနေရခြင်းကလည်း အချို့ဌာနများက ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများဟာ ရန်ပုံငွေ ကျပ်ဘီလီယံ(၄၀)၊ (၅၀)အထိ သုံးစွဲဆောင်ရွက်ပေမယ့် စီမံကိန်းအကြို လေ့လာဆန်းစစ်ချက်ဖြင့် တင်ပြခြင်းမရှိခြင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်(Capital Budget) ခေါင်းစဉ်အောက်မှ တင်ပြတောင်းခံသင့်လျက် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ (Current Budget) ခေါင်းစဉ်အောက်မှ ဆောင်ရွက်နေခြင်းများကို လေ့လာတွေ့ရှိနေရလို့ပဲ ဖြစ်ပါတယ်။ အလားတူပဲ အဆိုရှင်ဆွေးနွေးခဲ့သလို ရှောင်လွှဲ၍မရသော အကြောင်းအမျိုးမျိုးကြောင့် မူလ စီမံကိန်းတန်ဘိုး ထပ်မံပြုပြင်ရန် လိုအပ်ပါကလည်း ပြင်ဆင်သင့်သော အချိန်ကာလအတွင်း (Costs over-run) မဖြစ်စေရန် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းဖြင့် ဆောင်ရွက်ရန်ကိုလည်း ဆွေးနွေးလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေနှင့် သာမန်အသုံး စရိတ်ခွင့်ပြုငွေများဟာ လုပ်ငန်းတစ်ခုတည်းတွင် ရော၍သုံးစွဲလုပ်ကိုင်ခြင်း၊

သာမန်အသုံးစရိတ်ခေါင်းစဥ်အောက်ရှိ လုပ်ငန်းများကို ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တောင်းခံသုံးစွဲလျက်ရှိခြင်းကိုလည်း တွေ့ရှိနေ ရပါတယ်။ ငွေကြေးသုံးစွဲမှု သဘာဝ လုံးဝတူညီခြင်းမရှိသည့်အတွက် စာရင်းနည်းလမ်းတကျ မရှိတာလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ စီမံကိန်းအဖြစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အစမှ အဆုံးတိုင် ဆောင်ရွက်ခဲ့ပြီးနောက် နှစ်ကာလအပိုင်းအခြားတစ်ခုအထိ ထိန်းသိမ်းရေးလုပ်ငန်းသဘာဝအလျောက် သာမန်အသုံးစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရပါတယ်။

သို့ပေမယ့် လုပ်ငန်းပမာဏ ကြီးမားပြီး စီမံကိန်းအသွင်ဖြင့် လုပ်ဆောင်ရန်လိုအပ်ပါကလည်း စီမံကိန်းအဆိုပြုတင်ပြခြင်းကို ဆောင်ရွက်လုပ်ကိုင်သင့်ကြောင်းကိုလည်း ထောက်ပြလိုပါတယ်။ တစ်နည်းအားဖြင့် အစိုးရအဖွဲ့ရဲ့စီမံကိန်းအဖြစ် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သင့်ကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းထားတဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော်မှုအစီအစဥ် Development Project Implementation Schedules နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ Project Estimate တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသောအဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို အပေါ်ကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လိုအသုံးအနှုန်းပါရင် ခွင့်ပြုပေးဖို့ ခွင့်တောင်းခံအပ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လေ့လာမိသမျှ တင်ပြရရင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ၂၀၁၀ - ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူဆောင်ရွက်ခဲ့ကြတဲ့ အစိုးရများရဲ့ လက်ထက်တွင်လည်းကောင်း လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့၏ အုပ်ချုပ်မှုကာလတွင် လည်းကောင်း နိုင်ငံတော်ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ချမှတ်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လုပ်ကိုင်စေခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၀-၂၀၁၁ ခုနှစ်မတိုင်မီ တပ်မတော်အစိုးရအုပ်ချုပ်မှုကာလမှာ ယခင် ၁၉၈၈ ခုနှစ်မတိုင်မီအထိ နိုင်ငံတော်ကတာဝန်ယူခဲ့ကြတဲ့ အစိုးရအဖွဲ့များရဲ့ စနစ်တစ်ခုနဲ့ အဆင့်ဆင့် ဖြတ်သန်း

စိစစ်ခဲ့ရတဲ့ စီမံကိန်းတစ်ခုအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် ခက်ခဲကြန့်ကြာမှုများ ရှိခဲ့တဲ့အတွက် အဲဒါတွေကို ကျော်လွှားနိုင်ရန် စီမံကိန်း အကျိုးရလဒ်များကို ကာလတိုအတွင်းမှာ မြန်ဆန်စွာခံစားရရှိစေနိုင်ဖို့အတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်လာခဲ့တယ်လို့လည်း ကျွန်တော် နားလည်မိပါတယ်။အဲဒီကော်မတီအနေနဲ့ ဝန်ကြီးဌာန အလိုက် ကာလတို၊ ကာလရှည် ဆောင်ရွက်ရမယ့်စီမံကိန်းများ၊ အမြန်စတင်ဆောင်ရွက်လုပ်ကိုင်နိုင်ရန် စီမံကိန်းအမည်စာရင်းများနဲ့ အတူ စီမံကိန်းစနစ်Project၊ Formulation လုပ်ငန်းအတိုင်းအတာ စီမံကိန်း ခန့်မှန်းကုန်ကျငွေ၊ စီမံကိန်းအချိန်ကာလ ရရှိနိုင်မည့် စီမံကိန်းအကျိုးအမြတ် စသည်တို့ကို ဖော်ပြပါရှိတဲ့စီမံကိန်းများစာရင်းကို တင်ပြစေပြီးတော့ ခွင့်ပြုသဘောတူညီချက်များ ချမှတ်ပေးခဲ့တယ် လို့သိရှိခဲ့ရပါတယ်။

ဤကဲ့သို့ ကြိုတင်ခွင့်ပြုခဲ့ပါသော်လည်းပဲ တဆက်တည်းမှာပဲ အဆိုပါအဖွဲ့ရဲ့ ဥက္ကဋ္ဌ၊ ထိုစဉ်က နိုင်ငံတော်အကြီးအကဲတွေက လုပ်ထုံးလုပ်နည်း စည်းစနစ်ဘောင်ဝင်စေရန်နှင့် နောင်အစိုးရ အဆက်ဆက်ရဲ့ အထောက်အပံ့မဖြစ်စေရန်အတွက် စီမံကိန်းခန့်မှန်းခြေစာရင်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပြုစုစိစစ်လျက် ယင်းစာရင်းဇယားများကို စိစစ်ရမည့် တာဝန်ခံဝန်ကြီးဌာနဖြစ်တဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံစာရေးဦးစီးဌာန လို့ခေါ်တဲ့ စိစစ်တိုး ကို ပေးပို့ကြရပြီးတော့ နောက်ဆုံးမှာ အစိုးရ အဖွဲ့အစည်းမှာ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်မှာကြားခဲ့တယ်လို့ နားလည်သိရှိရပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်လုပ်ကိုင်လာရင်းနဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်မတိုင်မီ စီမံကိန်းများနှင့်ပတ်သက်၍ အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရုံးလုပ်ငန်း Paper Works ကြွေးကျန်များ မရှိစေရန်အတွက် တာဝန်ရှိသူများက ကြိုးပမ်းလုပ်ဆောင်ခဲ့ကြတာကိုလည်း လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဝန်ကြီးဌာနအချို့မှာ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ဆောင်ရွက်မည့် စီမံကိန်းများအနက် အချို့မှာ ပီပီပြင်ပြင်ပြုစုရေးဆွဲ တင်ပြအတည်ပြုချက်ရယူခဲ့ပြီးသော စီမံကိန်းများရှိသလို အချို့ဟာ အထက်ပါ ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားခဲ့သလိုပါပဲ။ စီမံကိန်းပြီးစီးသည့် နောက် နှစ်အနည်းငယ် ကြာသည့်တိုင်အောင် စီမံကိန်း ခန့်မှန်းခြေစာရင်းများ ပြုစုပြီးစီးထားမှုမရှိသေးတာတွေ အချို့မှာ ၂ နှစ်၊ ၃ နှစ် စသည့် အချိန် ကြာအောင်ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများဖြစ်လင့်ကစား စီမံကိန်းနှင့်သက်ဆိုင်သည့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ် ဖြစ်စဉ် Program of Works တည်ငြိမ်မှုမရှိဘဲ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်းမှာလည်းကောင်း၊ နှစ်အလိုက်လည်းကောင်း၊ လုပ်ငန်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာကိန်းဂဏန်းများကို အကြိမ်ကြိမ် ပြင်ဆင်သတ်မှတ် လျက်ရှိနေသည်ကိုလည်း တွေ့ရှိနေရပါတယ်လို့ အဆိုရှင်နဲ့ ကျွန်တော်ညှိနှိုင်းဆွေးနွေးတဲ့ အခါမှာ တွေ့ရပါတယ်။

အချို့လုပ်ငန်းဌာနများဟာ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း စိစစ်အတည်ပြုထားပြီး ဖြစ်သော အမျိုးသားစီမံကိန်းဥပဒေကြမ်းရဲ့ နောက်ဆက်တွဲ ၂ (က) မှာ ဖော်ပြပါ စာရင်းဇယားများပါ စီမံကိန်းလုပ်ငန်းများအပြင် ထပ်တိုးစီမံကိန်းများအဖြစ် လျာထားဖော်ပြလျက်ရှိနေသည်ကိုလည်း ဆွေးနွေးတင်ပြလိုပါတယ်။ နှစ်စဉ် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဘဏ္ဍာငွေအရသုံး

တင်ပြတောင်းခံမှု ကို နိုင်ငံတော်သမ္မတရုံးနဲ့ ဘဏ္ဍာရေးကော်မရှင်တို့က စိစစ်ထားချက်များအပေါ်မှာ လွှတ်တော် အဆင့်ဆင့်ကနေ ဖွဲ့စည်းပုံအခြေခံအရ စိစစ်ခဲ့တဲ့ အခြေအနေလေးတွေ ရှိပါတယ်။ သို့ရာတွင် အချို့လုပ်ငန်းများမှာ အထက်ဖော်ပြပါ နည်းလမ်းတကျ ဆောင်ရွက်လုပ်ကိုင်ရမည့် နည်းလမ်းများကို ဆောင်ရွက်လာသော တင်ပြမှုမျိုး မတွေ့ရှိရဘဲနဲ့ တချို့လုပ်ငန်းဌာနများမှာ စီမံကိန်းတစ်ခုစီအတွက် စာကြောင်းရေ (၁) ကြောင်း သို့မဟုတ် (၂) ကြောင်း၊ (၃) ကြောင်းတို့ဖြင့်သာ ကျပ်သန်းပေါင်း ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်းဖြင့် ဖော်ပြထားသည်ကိုတွေ့ရှိရတဲ့အတွက် အနီးစပ်ဆုံး မှန်ကန်မျှတမှု ရှိတဲ့ စိစစ်ချက်ကို ရရှိနိုင်ရန်ခက်ခဲပြီးတော့ နိုင်ငံတော်ရဲ့ အသုံးစရိတ် များမည်မျှ ထိရောက်စွာသုံးစွဲမည်ကို ခန့်မှန်းရခက်ခဲမည်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အဆိုရှင်တင်ပြသွားခဲ့သလိုပဲ သက်ဆိုင်ရာ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၊ စီမံကိန်းများ လုပ်ငန်းများနှင့်ပတ်သက်၍ အချက်အလက်များပြည့်စုံသော ခန့်မှန်းခြေစာရင်းနှင့်အတူ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလအပိုင်းအခြားတို့ကို နှစ်ကာလ အတိုင်းအတာ အထိတည်ငြိမ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ထားတဲ့ အထက်ဖော်ပြပါ တာဝန်ခံဝန်ကြီးဌာနအောက်ရှိတဲ့ စိစစ်တိုး ဦးစီးဌာနရဲ့ စိစစ်ချက်နဲ့ အစိုးရအဖွဲ့အစည်းအဝေးရဲ့ ခွင့်ပြုချက် စသည်တို့ ပါရှိပြီးသော စီမံကိန်းလုပ်ငန်းများဖြစ်ရန် လွန်စွာအရေးကြီးပါတယ်လို့ တင်ပြဆွေးနွေး လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အင်ဂျင်နီယာပိုင်းဆိုင်ရာ ပညာရှင် တစ်ဦး မဟုတ်ပါဘူး။ သို့ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအတွင်းမှာ ပြည်သူ့ဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကျပ်သိန်းတစ်ထောင်သုံးစွဲဖို့ သက်ဆိုင်ရာ မြို့နယ် အထောက်အကူပြု အဖွဲ့များနဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့ရာမှာ အားသာချက်တွေ၊ အားနည်းချက်တွေ အတွေ့အကြုံများရရှိခဲ့တဲ့ အပေါ်အခြေခံဆွေးနွေးရခြင်းလည်း ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခု ကျပ်သိန်း (၅၀) ထက် ကျော်လွန် ခြင်း မရှိစေရဘောင်အကန့်အသတ်အတွင်းမှာ ဆောင်ရွက်ကြရသည်ကိုပင် အဆိုရှင်တင်ပြခဲ့သလို အရာရာမှာ စီမံချက်ဖြင့်လုပ်ဆောင်ရတာတွေ၊ အဆင့်ဆင့် စစ်ဆေးစိစစ် ရတာတွေ၊ ပုံမှန်တင်ပြရတာတွေ ၊လုပ်ငန်းခန့်မှန်းခြေစာရင်းမှာ ပီပြင်ရန်လိုအပ်လာပြီး လုပ်ငန်း အခြေခံစံနှုန်းတွေ ငွေကြေးဆိုင်ရာ သုံးစွဲမှု မျှတမှုရရှိစေဖို့ ဒေသဆိုင်ရာခွင့်ပြုပစ္စည်းလုပ်အား သယ်ပို့စတဲ့စနှုန်းများ စသည်တို့ရဲ့ အရေးကြီးမှုကို နားလည်လာခဲ့ရပါတယ်။

ယခုလို နိုင်ငံတော်စီးပွားရေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရဲ့ တန်ဘိုးဟာ အချိန်ကာလ အားဖြင့် နှစ်တို၊ နှစ်ရှည်ဆောင်ရွက်ရတဲ့အပြင် ငွေကြေးပမာဏအနေဖြင့်လည်း တန်ဘိုးကျပ်သန်း ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်း စသည်ရှိကြတဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးရလဒ် အမှန်တကယ် ရရှိစေမည့် စီမံကိန်းများဖြစ်ရန် လိုအပ်လာပါတယ်။ အချိန်ကို ငဲ့ညာသောအားဖြင့် အသေးစိတ်များကို ဆက်လက်ဆွေးနွေးတင်ပြတော့ ခြင်းမပြုတော့ပါ။ ဒါကြောင့်မို့လို့ အဆိုရှင် တင်ပြခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်မှု အစီအစဉ် Development Project Implementation Schedule နှင့် စီမံကိန်းခန့်မှန်း ခြေစာရင်းများ Project Estimate တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသောအဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စု

အစိုးရအား တိုက်တွန်းကြောင်းအဆို အပေါ်ကို နိုင်ငံတော်နှင့်ပြည်သူအကျိုးငှာ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

အချက်များဟာ နိုင်ငံ ခက်ခဲဆင်းရဲချိန်၊ ခေတ်ပြောင်း၊ စနစ်ပြောင်း အချိန်မှာ အင်မတန်အရေးကြီးတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီနေ့ ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းလာချိန်၊ နိုင်ငံတကာနှင့် လက်တွဲလာချိန်၊ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ချိန်၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ယခင်ထပ်အဆပေါင်းများစွာ တိုးတက်လာချိန်ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ အဆိုဟာ မိမိတို့နိုင်ငံအတွက် အလွန်ပဲ အရေးကြီးပါတယ်။ မိုးကောင်းတုန်းရေခံတတ်ရန် လိုသလို အကူးအပြောင်းကာလမှာ လှေအဆင်းမြင်းအတက် ဆိုသကဲ့သို့ သတိဝီရိယဖြင့် စနစ်တကျဆောင်ရွက်ရန်လည်း အလွန်ပဲ အရေးကြီးပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ လက်အောက် လုပ်ငန်းဌာနများဟာ ခေတ်ပြောင်း၊ စနစ်ပြောင်းချိန်တွင် နိုင်ငံတော်ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အောင်မြင်ရန် အချိန်ပြည့် ကြိုးစားအားထုတ် ဆောင်ရွက်နေကြသလို ဆောင်ရွက်ချက်များနဲ့ ပတ်သက်တဲ့ စာရင်းဇယားပိုင်း စနစ်တကျဖြစ်အောင် ဆောင်ရွက်ကြရန်လည်း အင်မတန်မှ လိုအပ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စစ်ဆေးထောက်ခံချက်ဖြင့် အစိုးရအဖွဲ့ ၏ ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီး ရဲနိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး (တပ်မတော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)။** ။ လေးစားရ ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်-၂၄၉၂၇ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်ပြသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

အဆိုရှင်သည် ဘက်ဂျက်များတင်ပြတောင်းခံရာတွင် ဝန်ကြီးဌာနများအနေဖြင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းများအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလုပ်ငန်းများ၊ ဆောင်ရွက်ရမည့် အစီအစဉ် ၊ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ် ၊ ဘဏ္ဍာနှစ်အတွင်း လအလိုက် လျာထားလုပ်ငန်းပမာဏ လိုအပ်ရန်ပုံငွေ ၊ ဆောင်ရွက်ဆဲစီမံကိန်းများနဲ့ လုပ်ငန်းတစ်ခုလုံးပြီးစီးမှု ရာခိုင်နှုန်း စသည်တို့ကိုဖော်ပြလျက် တောင်းခံရပါကြောင်း ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။

ဝန်ကြီးဌာနများသည် သက်ဆိုင်ရာဦးစီးဌာနများမှ စီမံကိန်း လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံသော လုပ်ငန်းထုထည်ပမာဏ ခန့်မှန်းကုန်ကျငွေ၊ အကောင်အထည် ဖော်သည့် ကာလအပိုင်းအခြား၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး၊ အရင်းကျေမည့် ကာလနှင့် စသည့် ပြည့်စုံစွာ စစ်ဆေးပြုစု၍ သက်ဆိုင်ရာဦးစီးဌာနမှ စက်မှုစံချိန်စံညွှန်းဆိုင်ရာ ထောက်ခံ အတည်ပြုချက် ချမှတ်လျက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန စီမံကိန်း ရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့တင်ပြရပါတယ်။

စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ စိစစ်ပြီးတော့ ရေတို၊ ရေရှည်မှာအကျိုးရှိမယ့် စီမံကိန်း များကို အစိုးရအဖွဲ့ကို တင်ပြရပါတယ်။ အစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတပါဝင်တဲ့ ဘဏ္ဍာရေးကော်မရှင်မှ ဘက်ဂျက်များကိုအဆုံးအဖြတ်ပေးပြီးတော့ ဒုသမ္မတ (၁) ဦးစီးတဲ့အဖွဲ့နဲ့ ဘတ်ဂျက်များကိုထပ်မံစိစစ်အတည်ပြုပြီး လွှတ်တော်ကို တင်ပြပြီး လွှတ်တော်မှ ဘတ်ဂျက် များကို ခွင့်ပြုပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရမှ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို စီးပွားရေးတွက်ခြေကိုက်ညီမှု ရှိ/မရှိ အခြေအနေကို စစ်ဆေးတင်ပြနိုင်ဖို့အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စီမံကိန်းစိစစ်ရေး နှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန စိစစ်တိုးအဖွဲ့ကို၁၉၇၂ ခုနှစ်ကတည်းက ဖွဲ့စည်းထားရှိပြီး အစိုးရအဖွဲ့ကိုစစ်ဆေးတင်ပြစေကြောင်း သိရှိရပါတယ်။

စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကို စီမံကိန်းဌာနစိတ် (၄) ခုဖြင့် ဖွဲ့စည်းထားကြောင်းသိရှိရပါတယ်။ စီမံကိန်းဌာနစိတ် (၁) သည် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစီမံကိန်း အသစ်များနှင့် တိုးချဲ့လုပ်ငန်းစီမံကိန်းအသစ်များကို စီးပွားရေးတွက်ခြေကိုက်မှု ရှိ/မရှိ စိစစ်တင်ပြ ခြင်း၊ နိုင်ငံပိုင်ကဏ္ဍများမှ အကောင်အထည်ဖော်ဆဲ လုပ်ငန်းစီမံကိန်းများအား စိစစ်၍ တိုးတက်မှု အခြေအနေများကို ပုံမှန်တင်ပြခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အကောင်အထည်ဖော်ပြီး သော လုပ်ငန်းစီမံကိန်းများကို ပြန်လည်သုံးသပ်၍ အစီရင်ခံတင်ပြရကြောင်းသိရှိရပါတယ်။ စီမံကိန်း ဌာနစိတ် (၁) သည် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်မှုအခြေအနေအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းစီမံကိန်း များမှ (၁၅၈၃) ခု (၇၇.၅) ရာခိုင်နှုန်းကို စစ်ဆေးနိုင်ခဲ့ကြောင်းသိရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန (၂၂) ခုမှ လုပ်ငန်းစီမံကိန်းပေါင်း (၁၇၆၅) ခုကိုစီမံကိန်းပေါင်း စိစစ်ရေးအဖွဲ့ (၄) ဖွဲ့ဖြင့် စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

စီမံကိန်းဌာနစိတ် (၁) အနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ပြီးစီးမှု မြေပြင် ကွင်းဆင်း စစ်ဆေးရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နေရာများနှင့် တရားဥပဒေစိုးမိုးနိုင်မှုမရှိသော ဒေသများကို သွားရောက်ရန် ခက်ခဲခြင်း၊ စစ်ဆေးရေးအဖွဲ့ဝင်အင်အား နည်းပါးသဖြင့် တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံတော်ပိုင် လုပ်ငန်းစီမံကိန်း များနှင့် လုပ်ငန်းများအား လွှမ်းခြုံအောင် စစ်ဆေးနိုင်မှု အားနည်းခြင်း၊ လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများအလိုက် စစ်ဆေးရာတွင် ကျွမ်းကျင်သည့် ပညာရှင်များ လိုအပ်ခြင်းနှင့် တိုင်းဒေသကြီးနှင့်

ပြည်နယ် အစိုးရများမှ လုပ်ငန်းစစ်ဆေးရာတွင် ပူးပေါင်းပါဝင်မှုအားနည်းကြောင်း သုံးသပ်ထားတာကို တွေ့ရှိရပါတယ်။ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန၏ လုပ်ငန်းဦးစီးဌာနမှာ စီမံကိန်းအသစ်များနှင့် တိုးချဲ့ လုပ်ငန်းစီမံကိန်းအသစ်များအား အဆိုပြုတင်ပြထားသည့် အဆင့်မှာ အကောင်အထည်ဖော် သည့်အဆင့်အထိ စီးပွားရေးတွက်ခြေကိုက်ညီမှု ရှိ/မရှိကို စိစစ်တင်ပြရခြင်းပဲ ဖြစ်ပါတယ်။

ဝန်ကြီးဌာနများအနေဖြင့် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံသော လုပ်ငန်းထုထည်ပမာဏ ခန့်မှန်းကုန်ကျငွေ၊ အကောင်အထည်ဖော်သည့် ကာလ အပိုင်းအခြား အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး အရင်းကျေမည့် ကာလနှင့် စသည့် ပြည့်စုံစွာပြုစု၍ စိစစ်တိုးအဖွဲ့ကို တင်ပြရမည် ဖြစ်သော်လည်း တင်ပြရန်အားနည်းကြောင်း တွေ့ရှိရပါတယ်။ လက်ရှိတွင် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ရရှိသည့် ဘတ်ဂျက် အပေါ်တွင်သာ လုပ်ငန်းဦးစားပေးအလိုက် လုပ်ငန်းစီမံကိန်းများအား ဆောင်ရွက်နေကြသဖြင့် လုပ်ငန်းစီမံကိန်း အသစ်များ၊ တိုးချဲ့စီမံကိန်းများအား စိစစ်တိုးဌာနသို့ လုပ်ငန်းအဆိုပြုမှု တင်ပြမှု မရှိခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား (၃)လ၊ (၁)ကြိမ် အစီရင်ခံတင်ပြမှု အားနည်းခြင်းတို့ကြောင့် စိစစ်တိုးအဖွဲ့အနေဖြင့် စီးပွားရေးတွက်ခြေကိုက်ညီမှု ရှိ/မရှိနှင့် လုပ်ငန်း စီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်းများတွင် ဆောင်ရွက်မှုအားနည်းကြောင်း သုံးသပ်တွေ့ရှိရ ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နှစ် (၃၀) နှစ်ရှည်စီမံကိန်း၊ (၅)နှစ် ကာလတိုစီမံကိန်းနှင့် နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ် စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ဦးစားပေး ဆောင်ရွက်ကြရပြီး ရေရှည်မှာ အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ် စီမံကိန်းများ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမှာဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အကျိုးဖြစ်ထွန်းမှုမရှိသော စီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ဖျက်သိမ်းခြင်း များ ဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။ တာဝန်ယူဆောင်ရွက်ရသော အဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းစီမံကိန်းများ၏ တွက်ခြေကိုက်မှု ရှိ/ မရှိ၊ လုပ်ငန်းစီမံကိန်းများ သတ်မှတ်ကာလအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုရှိ/မရှိ၊ သုံးစွဲငွေနှင့် လုပ်ငန်းပြီးစီးမှု ပမာဏတို့ကို အခြေအနေမှန်အတိုင်း ပုံမှန်ပြန်လည်သုံးသပ် အစီရင်ခံတင်ပြခြင်းဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားစီမံကိန်း၏ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများကို မှန်ကန်စွာသုံးသပ်သိရှိပြီး အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်အစိုးရမှ ဆောင်ရွက် နေသည့် ဆင်းရဲ၊ ချမ်းသာ ကွာဟမှုလျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မား

တိုးတက်ရေးနှင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ၏ အဆိုအား ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဦးခက်ထိန်နန် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအပေါင်းတို့ မင်္ဂလာအပေါင်း နဲ့ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထားပြီး နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း မဲဆန္ဒနယ် အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည် ဖော်မှုအစီအစဉ်နဲ့ စီမံကိန်းခန့်မှန်းခြေစာရင်းများ တာဝန်တည်ငြိမ်ရေးအတွက် ခေါ်ယူစစ်ဆေးရသော စိစစ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီ ခေတ်စနစ်သို့ ပြောင်းလဲလာပြီ ဖြစ်သောကြောင့် နိုင်ငံတကာမှ မိမိတို့နိုင်ငံကို ပိုမိုအသိအမှတ်ပြုပြီး လက်တွဲလာ တာကိုတွေ့ရှိရပါတယ်။ ယနေ့ အစိုးရသက်တမ်းအတွင်း ခေတ်အဆက်ဆက် တင်လာတဲ့ အကြွေးများ ကို လျှော်ပစ်ပေးခြင်း၊ လိုအပ်သော ချေးငွေအသစ်များ ရရှိခြင်း၊ အကူအညီပေးသော ငွေကြေးများ ရရှိခြင်း၊ နည်းပညာအကူအညီများရရှိခြင်း စသည်တို့ကို နိုင်ငံခြားအစိုးရများ ၊ ကမ္ဘာ့ဘဏ် နှင့် လက်အောက်ခံငွေကြေးအဖွဲ့အစည်းများ၊ အာရှဖွံ့ဖြိုးရေးဘဏ်စသည်တို့က ထောက်ပံ့ကူညီမှုများ ရရှိလာနေပြီဖြစ်ပါတယ်။ ထိုဘတ်ဂျက်များအပါအဝင်ဖြင့် နိုင်ငံရဲ့ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် စီမံကိန်းများအောင်မြင်ရန် ငွေကြေးနှင့် ပစ္စည်းများသုံးစွဲ ရန်မှာ အလေအလွင့် အမှားအယွင်း မရှိစေဘဲ ထိရောက်အကျိုးရှိပြီး စာရင်းဇယားနည်းလမ်းများ စနစ်တကျဖြစ်ရန် အလွန်ပဲ အရေးကြီးတဲ့ အချိန်ကာလဖြစ်ပါတယ်။

အဲဒီအတွက်ကြောင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ၎င်းနဲ့ဆက်စပ်တဲ့ ကဏ္ဍ အလိုက် ၈/၂ ထုထည်ပမာဏခန့်မှန်းကုန်ကျငွေ၊ အကောင်အထည်ဖော်မယ့်ကာလ အကျိုးအမြတ်နဲ့ ကုန်ကျ စရိတ်စသည်တို့ကို ပြည့်စုံစွာ စစ်ဆေးပြုစုပြီး သက်ဆိုင်ရာ ဦးစီးဌာန၊ လုပ်ငန်းဌာန တာဝန်ခံက စံချိန်စံညွှန်းဆိုင်ရာ ထောက်ခံအတည်ပြုချက်ချမှတ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစီရင်ခံရေးဝန်ကြီးဌာနအောက်ရှိ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန စိစစ်တိုးသို့ပေးပို့ပြီး စိစစ်တိုးမှ စိစစ်ပြီးနောက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ခြင်း၊ ၎င်းမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ

အတည်ပြုချက်ရယူခြင်းစတဲ့ အချက်များဟာ နိုင်ငံခက်ခဲဆင်းရဲချိန်၊ ခေတ်ပြောင်း၊ စနစ်ပြောင်း အချိန်မှာ အင်မတန် အရေးကြီးတဲ့ အခြေအနေ ဖြစ်ပါတယ်။

ဒီနေ့ ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ကူးပြောင်းလာချိန်၊ နိုင်ငံတကာနှင့်လက်တွဲလာချိန်၊ အာဆီယံဥက္ကဋ္ဌအဖြစ် ရင်းနှီးလာချိန်၊ ဆောင်ရွက်ချိန်၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ယခင်ကထက် အဆပေါင်းများစွာ တိုးတက်လာချိန်ဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ အဆိုဟာ အလွန်ပဲ အရေးကြီးပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဒေါ်လဲ့လဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးမြင့် တင်သွင်းတဲ့ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဆွေးနွေးချက်များနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသား စီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်း က ပြန်လည် ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ အခန်း(၃)၊ ပုဒ်မ ၁၂ မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအား ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ။ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ/မရှိ။ ပြည်သူတွေအတွက် အကျိုးရှိ/မရှိ။ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု/မပြု။ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ/မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက် ရရှိထားပြီးဖြစ်တဲ့ လုပ်ငန်းစီမံကိန်းများ ဖြစ်ရမယ်လို့ ဖော်ပြပါရှိ ပါတယ်။

အမျိုးသားစီမံကိန်းဥပဒေ နောက်ဆက်တွဲ (၂)၊ နိုင်ငံပိုင်အခန်းက ဆောင်ရွက်မယ့် လုပ်ငန်း စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုများ လျာထားချက် စာအုပ်မှာလည်း လုပ်ငန်းစီမံကိန်းတွေ၊ Project နဲ့ လုပ်ငန်းတွေ၊ Works တွေ ကျွန်မတို့ ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန အနေနဲ့ နိုင်ငံပိုင်အခန်းက ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းတွေကို အဆိုပြုတင်ပြတဲ့ အဆင့်ကနေပြီးတော့ အကောင်အထည်ဖော် ပြီးစီးတဲ့ အထိကို စိစစ်တင်ပြလျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဝန်ကြီးဌာနတွေအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းအသစ်တွေနဲ့ တိုးချဲ့စီမံကိန်းတွေရဲ့ စီးပွားရေး တွက်ခြေကိုက်မှု အခြေအနေတွေကို စိစစ်တင်ပြနိုင်ဖို့အတွက် လုပ်ငန်းစီမံကိန်း အဆိုပြုချက်

တွေ Project Proposal တွေကို ကျွန်မတို့ စီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာနကို ပေးပို့ရပါတယ်။ ဒီပေးပို့တဲ့ လုပ်ငန်းစီမံကိန်း အဆိုပြုချက်မှာ စီမံကိန်း ဆောင်ရွက်ရခြင်းရဲ့ ရည်ရွယ်ချက် ဆောင်ရွက်နိုင်စွမ်းအား၊ ခန့်မှန်းကုန်ကျစရိတ်( Estimate Project Cost)။ နောက် အကောင်အထည်ဖော်မယ့် အစီအစဉ်။ နောက် ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ အကျိုးအမြတ် ပြန်လည်ပေါ်နှုန်း၊ (Internal Rate of Return)။ နောက် အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်အချိုး(Cost benefit ratio)နဲ့ အရင်းကျေ ကာလ (Pay back previous)ဒါတွေကို အားလုံးပြည့်စုံစွာ ပြုစုတင်ပြရပါတယ်။ ဒီစီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနက ဒီလုပ်ငန်း စီမံကိန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ အကျိုးအမြတ် ပြန်ပေါ်နှုန်း၊ အကျိုးအမြတ်နဲ့ ကုန်ကျစရိတ် အချိုး၊ အရင်းကျေကာလစတဲ့ ကျွန်မခုနတင်ပြခဲ့တဲ့ ဒီ စီးပွားရေးနဲ့ ဘဏ္ဍာရေးအရ တွက်ခြေကိုက်မှု အခြေအနေတွေကို စိစစ်တွက်ချက်ပြီးတော့ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာနကို နိုင်ငံပိုင်အခန်းက ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းတွေ စာရင်းမှာ ထည့်သွင်း ရေးဆွဲနိုင်ဖို့အတွက် ပေးပို့ပါတယ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနက နေပြီးတော့ ကျွန်မတို့ နှစ်စဉ် စီမံကိန်းဥပဒေတွေကို အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို တင်ပြအတည်ပြုချက်ရယူတဲ့ အခါမှာ နောက်ဆက်တွဲ ၂(က)ကိုပါ ကျွန်မတို့ ထည့်သွင်းပြီးတော့ အတည်ပြုချက်ရယူရပါတယ်။

အဲဒီတော့ စီမံကိန်းထဲမှာ ပါဝင်ပြီးတော့ ခွင့်ပြုသုံးစွဲငွေ ရရှိတဲ့ လုပ်ငန်းစီမံကိန်းတွေရဲ့ အကောင်အထည်ဖော်မှု အခြေအနေတွေကို အချက်အလက်မှန်မှန်ကန်ကန်နဲ့ အချိန်မှန်မှန် အစီရင်ခံ နိုင်ဖို့အတွက်လည်း လုပ်ငန်းအစီအစဉ်တွေကို သတ်မှတ်ထားပါတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ ဒီလုပ်ငန်း စီမံကိန်းတွေရဲ့ အဓိက အချက်အလက်တွေနဲ့ အကောင်အထည်ဖော်မှု အစီအစဉ် ပုံစံ(က) ရယ်၊ နောက်တစ်ခါ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေ အစီရင်ခံစာ ပုံစံ(ခ)တို့ကို စီမံကိန်း စိစစ်ရေးနဲ့ တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာနကို ပေးပို့ရပါတယ်။ လုပ်ငန်းစီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့ ဝန်ကြီးဌာနတွေကနေပြီးတော့ ဒီ လုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော် မယ့်အချိန်မှာ အစီအစဉ် ပုံစံ(က)ကို ဖြည့်သွင်းပြီးတော့ ဦးစီးဌာနကို (၁)ကြိမ်ပေးပို့ပါတယ်။ နောက် လုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော်မယ့်အချိန် အစီရင်ခံစာအတွက် ပုံစံ(ခ)ကို လုပ်ငန်း စီမံကိန်း စတင်တဲ့ အချိန်ကစပြီးတော့ အကောင်အထည်ဖော် ပြီးစီးတဲ့အချိန်အထိကို (၃)လ(၁)ကြိမ် စီမံကိန်း စိစစ်ရေးနဲ့ တိုးတက်မှုဦးစီးဌာနကို ပေးပို့ရပါတယ်။ ဒီ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်တဲ့ ဝန်ကြီး ဌာနတွေက တင်ပြလာတဲ့ (၃)လပတ် အစီရင်ခံစာ ပုံစံ(ခ)တွေကို လက်ခံရရှိပြီးဖြစ်တဲ့ အကောင်အထည် ဖော်မှု အစီအစဉ် ပုံစံ(က)နဲ့ ကျွန်မတို့က နှိုင်းယှဉ်သုံးသပ်ပြီးတော့ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေတွေကို မူလအဆိုပြုစဉ်က တင်ပြထားတဲ့ ကာလအပိုင်းအခြား အခြေအနေနဲ့ကိုက်ညီမှု ရှိ/ မရှိ စိစစ်ပြီးတော့ ကျွန်မတို့ အထက်အဖွဲ့အစည်း အဆင့်ဆင့်ကို တင်ပြအစီရင်ခံလျက် ရှိပါတယ်။

နောက်တစ်ခါ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်တဲ့ အချိန်အတွင်းမှာလည်း စီမံကိန်း စိစစ်ရေးနဲ့ တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက လုပ်ငန်းစီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့ နေရာတွေကို သွားရောက်ပြီးတော့ ကျွန်မတို့ ၂၀၁၃ ခုနှစ်က စပြီးတော့ မြေပြင်မှာ ကွင်းဆင်းစိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကိုလည်း ကျွန်မတို့ ဒီ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး ရဲ့ Power Point မှာလည်း ဖော်ပြထားပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဲဒီတော့ နောက် ကျွန်မအနေနဲ့ တင်ပြချင်တာကတော့ ဒီ ဘတ်ဂျက် မူလခန့်မှန်းခြေ (BE, RE) ဒါလေးတွေ ပြောသွားပါတယ်။ အဲဒီတော့ BE, RE ကျွန်မတို့ ဒီ ခန့်မှန်းတွက်ချက်တဲ့ အခါမှာဆို လည်း ကျွန်မတို့ RE ဆိုလည်း ကျွန်မတို့ အမှန်တကယ်လိုအပ်မယ့် လိုအပ်ငွေကိုသာ ကျွန်မတို့ (Supplementary Grant) ပေါ့၊ နော် ကျွန်မတို့ ဖြည့်စွက်ရန်ပုံငွေအနေနဲ့ ဒီဟာကို ခွင့်ပြုပါကြောင်းလည်း ကျွန်မအနေနဲ့ တင်ပြအပ်ပါတယ်။ နောက်တခါ စိစစ်တိုး။ စီမံကိန်း စိစစ်ရေးနဲ့ တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာနအနေနဲ့လည်း ဝန်ထမ်းအင်အားတွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေနဲ့ဒီဟာ လုံလောက်စွာ စိစစ် စစ်ဆေး ဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း ကျွန်မတို့က ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီလုပ်ငန်းတွေ မြေပြင်ကွင်းဆင်းစိစစ်ဆောင်ရွက်ရာကနေပြီးတော့ စိစစ် တွေ့ရှိလာတဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်း အထက်အဖွဲ့အစည်း အဆင့်ဆင့်ကို အစီရင်ခံတင်ပြလျက် ရှိပါကြောင်း နောက် စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းတွေ အကောင် အထည်ဖော်မှု အစီအစဥ် အကောင်အထည်ဖော်မှု အခြေအနေတွေကိုလည်း စိစစ်ဆောင်ရွက်လျက် ရှိပါ ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။အဆိုရှင် ဦးမျိုးမြင့် က မိမိရဲ့အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ သို့မဟုတ် လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူလိုခြင်း ရှိ/မရှိ တိုတိုကျဥ်းကျဥ်းပြောဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်ပြန်လည် ဆွေးနွေးခွင့်ရတာ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အနေနဲ့ တော်တော်များများလည်း အသေးစိတ်ပဲ ရှင်းပြသွားတဲ့သဘောအပေါ်မှာ အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က ဒုတိယဝန်ကြီး ခုနကရှင်းပြသွားတာတွေကို ကျွန်တော် နည်းနည်းလေး ခြုံငုံပြီးတော့ သုံးသပ်ရရင်တော့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့ ကျန်တဲ့ ပြည်ထောင်စု ဝန်ကြီးဌာနများရဲ့ တိုးတက်မှု အစီရင်ခံစာတွေကို အခါအားလျော်စွာ တင်ပြရတဲ့အပေါ်မှာ ခြုံငုံပြီးတော့ ကျွန်တော်တို့ ဒါ Cobine လုပ်ရတဲ့ Function တွေကို ဆွေးနွေးသွားတယ်လို့ ကျွန်တော် ယူဆပါတယ်။ နည်းနည်းလေး ကျွန်တော့် ခွင့်ပြုပါ။

ကျွန်တော်တို့က ခုန အမျိုးသားစီမံကိန်းဥပဒေကြမ်းမှာ စီမံကိန်းစာရင်းတွေ ပါတယ်ဆိုတာ ကျွန်တော်တို့ ဒီအပေါ် မှာ ဘာမှ ဆွေးနွေးခြင်း မပြုပါဘူးခင်ဗျား။ ဒီ စီမံကိန်းစာရင်းတွေဆိုတာ စီမံကိန်းတစ်ခု ချင်းအလိုက်ကို ဘဏ္ဍာနှစ်အလိုက်မှာ One line diagram ကိန်းဂဏန်းတွေကို သာလျှင် ဖော်ပြသွားပြီးတော့ ကျွန်တော်တို့ဟာ ဒီ Project နဲ့ ပတ်သက်ပြီးတော့ တစ်ခုချင်း၊ တစ်ခုချင်းအပေါ်မှာ သက်ဆိုင်ရာ လုပ်ငန်းဌာနရဲ့ (Techinical Sanction) နောက်တစ်ခါ သူ့ရဲ့ Project Formulation အဲဒါတွေကို အဆင့်ဆင့် သူ့လုပ်ဆောင်ရမယ့်လမ်းကြောင်းတွေကို ဖြတ်သန်းပြီးတော့ အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ကို ရယူဖို့ ကျွန်တော်က ရည်ရွယ်ချက်ပါ။ ဥပမာအားဖြင့်

ဆိုရင် သန်း(၁၀၀၀) Project တစ်ခုကို ဝန်ကြီးဌာန တစ်ခုကတင်လိုက်တယ်။ တင်လိုက်တဲ့အခါမှာ စိစစ်တိုးကို ရောက်တယ်။ စစ်တယ်။ နောက်ဆုံးမှာဌာနနဲ့ ညှိနှိုင်းပြီးတော့ သန်း(၉၀၀) ဖြစ်သွားတယ် ဆိုလို့ရှိရင် ဒီ သန်း(၉၀၀)ကို ဒါ စီမံကိန်းအဖြစ် သတ်မှတ်ပေးပါဆိုပြီးတော့ အစိုးရအဖွဲ့ကို တင်ခြင်းဖြစ်ပါတယ်။

အစိုးရအဖွဲ့က ခွင့်ပြုပေးလို့ရှိရင် ဒီစီမံကိန်းသည် ကျွန်တော်တို့တင်ပြမယ့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မယ့် အစီအစဉ် ဥပမာ လေးနှစ်၊ ငါးနှစ်၊ သုံးနှစ် စသည်ဖြင့် ဒါ (Implementation Schedule) ခေါ်ခေါ်( Program of Works) ခေါ်ခေါ် အဲဒီမှာမှ လေးနှစ်ဆောင်ရွက်မယ့် စီမံကိန်း သန်း(၉၀၀)ကို အစိုးရအဖွဲ့က လုပ်လို့ရှိရင် သက်ဆိုင်တဲ့ ကျွန်တော်တို့ Fiscal Year ပေါ့၊ Financial Year ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ သန်း(၁၀၀)သုံးမလား။ သန်း(၂၀၀) သုံး မလား။ သန်း(၃၀၀) သုံးမလား။ ဒီ break-down ဟာ Revised break-down နဲ့ သွားတဲ့ ဥစ္စာဟာ ဒါ ဖြစ်ရပါမယ်။ မူလ ကျွန်တော်တို့က Project ကြီး၊ Formulation ကျွန်တော်တို့က ခွင့်ပြုပြီး ဖြစ်ရပါမယ်။ ဒီတင်တဲ့ ဥစ္စာတွေကလည်း သူ့အဆင့်ဆင့် ပါရှိရမယ့်ဟာတွေ အကုန်ရှိ ပါတယ်။ ကျွန်တော်က ဒါကို ဆွေးနွေးခြင်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့က ဒီက လွှတ်တော်နဲ့ တွေ့တဲ့အခါကျတော့ အစိုးရအဖွဲ့မှ ဘယ်နေ့ ခွင့်ပြု သလဲ မေးမေး ကျွန်တော်တို့ကို မဖြေနိုင်ဘူး။ ကောင်းပြီ၊ အစိုးရခွင့်ပြုချက် သူတို့ အချိန်မရလို့၊ အလုပ် တွေ သိပ်များလို့၊ စိစစ်တိုးရဲ့ ခွင့်ပြုပြီးပြီလားဆိုလို့ရှိရင်လည်း စိစစ်တိုးရဲ့ ခွင့်ပြုချက်ဆိုတာကလည်း စိစစ်တိုးတောင် မရောက်သေးဘူး ခင်ဗျား။ ဒါ ဘယ်လိုမှတော့ ကျွန်တော့်ကို မအောက်မေ့ပါနဲ့။ ကျွန်တော်ကိုယ်တိုင်လည်း တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အနေနဲ့လည်း ထမ်းဆောင်လာတာပါ ခင်ဗျား။ ဝန်ကြီးဌာန(၂)ခုတောင် လုပ်လာတာပါ။ ကျွန်တော် ထောက်ပြတာ မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ ဒါ လုပ်ကိုင်လာတဲ့ အစဉ်အလာ၊ အလေ့အကျင့်ကို ကျွန်တော်ပြောတာပါ။ ခုက တပ်မတော်သား ကိုယ်စားလှယ် ရှင်းလင်းပြောသွားတာ အင်မတန်ကို စနစ်ကျပါတယ်ခင်ဗျား။ လုပ်သွားတာတွေ၊ ရှင်းသွားတာတွေ။ အင်မတန်ကောင်းပါတယ်။

အဲဒီတော့ ကျွန်တော်တို့က အဓိကဟာကို လွှတ်တော်က ဘာဖြစ်လဲဆိုတဲ့အခါကျတော့ စိစစ်တိုးအဆင့်လောက် ကနေပြီးတော့မှ ဘယ်နေ့က ရက်စွဲပါစာအမှတ်နဲ့ အမျိုးသားစီမံကိန်း သို့မဟုတ် စိစစ်တိုးက အော် ဒါကတော့ပြီးပြီဆိုရင် ကျွန်တော်တို့ လွှတ်တော်က ဘာမှစကားပြောစရာ မလိုပါဘူး ခင်ဗျား။ ကျွန်တော်က ဒုတိယဝန်ကြီးတို့၊ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ Role ကို တင်ပေးခြင်း ဖြစ်ပါ တယ်။ ကျွန်တော်ကဒါ အဲဒီကို ဝေဖန်ပြီးတော့ ထောက်ပြနေခြင်းမဟုတ်ပါဘူး။ ကျွန်တော်က အဲဒါကို ကျွန်တော်တို့ လုပ်ဖို့ဆိုတဲ့အတွက် ပြောခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါမှသာလျှင် ကျွန်တော်တို့က ဘတ်ဂျက်ကို စိစစ်လို့ရမယ်။ ဒီလိုမဟုတ်လို့ရှိရင်တော့ ကျွန်တော်တို့က ဟာ ကျွန်တော်တို့ နိုင်ငံတော် သမ္မတရုံး၊ ဒုတိယသမ္မတ(၁)က စစ်ထားတဲ့ဥစ္စာ၊ မင်းတို့ လွှတ်တော်က ဘာလျှာရှည်တာတုန်း၊ ကျွန်တော်တို့က ဒီလိုဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုထားတာ၊ ကျွန်တော်က လေးစားပါ တယ်ခင်ဗျား။ အကုန်လုံး ကျွန်တော်တို့က ဒုတိယ(၁)ရဲ့ ဘဏ္ဍာငွေစိစစ်ရေးကော်မတီကိုလည်း လေးစားပါတယ် လွှတ်တော်ကြီးရဲ့ ကော်မတီတွေက။ ဒါ ဘဏ္ဍာကော်မရှင်ဆိုတာ နိုင်ငံတော်မှာ အမြင့်ဆုံးအဖွဲ့ ကြီးပါ။ ခုန အဲဒါတွေက ဘာခေါ်လဲဆိုတဲ့အခါကျတော့တော့ ခုနတုန်းက ရှင်းပြသွားတဲ့

စီမံကိန်းစာရင်းတွေအပေါ်မှာ ဒါ မူအရ၊ ပေါ်လစီအရ ခွင့်ပြုရခြင်း ဖြစ်တဲ့အတွက် ကျွန်တော်က စီမံကိန်းတစ်ခုချင်းအလိုက်မှာ ဝန်ကြီးဌာနတွေက တာဝန်ရှိပါတယ်ဆိုတာဟာ တင်ပြခြင်း ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ကျွန်တော်ကတော့ သဘောထောက်ခံထားတဲ့ သူတွေကလည်း ထောက်ခံထားတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ကျွန်တော်ခံယူပါမယ် ခင်ဗျား။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules)နှင့် စီမံကိန်းခန့်မှန်းခြေ စာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၀၈)၊ ကန့်ကွက် (၂) ၊ ကြားနေ(၄၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]